ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-7-2005) (၄၆၆၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အပူပိုင်းဒေသ (၂၅)မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိ မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်း တူးဖော်ပြီးစက်ရေတွင်းများ ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်းထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာဦးစီးဌာန အစည်းအဝေးခန်းမဥ္စကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ကလှူဒါန်းသည့် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို လက်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

အပူပိုင်းဒေသ တိုင်း သုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၁၅၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၍ ၈၉ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် စေတနာရှင် ပြည်သူများ ပူးပေါင်း ကူညီမှု၏အကျိုးကို လက်တွေ့ ခံစားရပြီဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၇-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နည်းပညာတိုးတက်မှုများ စဉ်ဆက်မပြတ်ရယူ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ကြိုးပမ်း

ယနေ့ကာလသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်သည် အဓိကကျသည့် နေရာမှပါဝင်နေသည်။

အေးချမ်းတည်ငြိမ်ခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံကောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးခြင်းတို့သည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးနှင့် ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးရေးတို့အတွက် အခြေခံလိုအပ်ချက်များ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များအား ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှု စွမ်းဆောင်ရည်များ ပြည့်စုံစေရန် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်းနှင့် ချိတ်ဆက်ပြီး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ လုပ်ငန်းစဉ်များ ရေးဆွဲပြုစု အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ၏ ၁/၂၀၀၅ အစည်းအဝေးကို ဇူလိုင်လ ၂၅ ရက်နေ့က ရန်ကုန်မြို့ဇေယျာသီရိ ဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ဆွေးနွေးမှာကြားရာ၌ **အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာရပ်များကို စဉ်ဆက်မပြတ်ရယူအသုံးပြုနိုင်ရေးအတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲကျင့်သုံးရန်လိုအပ်လာကြောင်း** ပြောကြားသွားသည်။

၂၁ ရာစုတွင် သိပ္ပံနှင့် နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသည်ကို တွေ့ရသည်။ ယင်းသို့ တိုးတက်ပြောင်းလဲလာမှုများသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးနှင့် စစ်ရေးတို့ကို အရှိန်ပြင်းစွာ ရိုက်ခတ်လာလျက်ရှိနေသည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိရာတွင် အဆိုပါ တိုးတက်ပြောင်းလဲလာနေသည့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာရပ်များကို အပြည့်အဝ ရယူအသုံးပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန် အစီအမံများကို အလေးထားချမှတ်ဆောင်ရွက်နေသည်။ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

တက္ကသိုလ်ပညာရပ်များကို ယခင်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်သာ သင်ကြားနိုင်ခွင့်ရှိခဲ့ရာမှ ယခုအခါ နိုင်ငံတော်က ပြည်နယ်နှင့် တိုင်းအသီးသီး၌ တက္ကသိုလ်၊ ကောလိပ်ကျောင်းများကို လက်လှမ်းတမီ အချက်အချာနေရာများ၌ တည်ထောင်ဖွင့်လှစ်ပေးထားရာ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့ ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာရပ်များကို လွယ်လင့်တကူ သင်ယူနေနိုင်ကြပြီဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုအရ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးနှင့် အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် တစ်ဖက်မှ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေး စရိုက်လက္ခဏာစံနှုန်းများ လျော့ပါးပျောက်ကွယ်ဆုံးရှုံးမှုမရှိစေရေးအတွက်လည်း အလေးဂရုပြု ကြရမည် ဖြစ်သည်။ လူငယ်လူရွယ်များအတွင်း တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် ဝိုင်းဝန်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အချိန်အခါကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်လျက်ရှိသည့် ကာလတွင် အဓိကကျသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရေးအတွက် နည်းပညာတိုးတက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်ရယူအသုံးပြု၍ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းသွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားအဆင့် မူးယစ်ဆေးဝါး အစားထိုးကုသမှု အလုပ်ရုံဆွေးနွေးပွဲဖွင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် Global Fund (ကမ္ဘာ့ရန်ပုံငွေအဖွဲ့)တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားအဆင့် မူးယစ်ဆေးဝါး အစားထိုးကုသမှု အလုပ်ရုံဆွေးနွေးပွဲ (National Level Workshop on Drug Substitution) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးအစားထိုးကုသမှုအလုပ်ရုံ ဆွေးနွေးပွဲကို ကျန်းမာရေး ဝန်ကြီးဌာနနှင့် Global Fund အထောက်အကူဖြင့် ပူးပေါင်းကျင်းပ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မူးယစ်ဆေးစွဲရောဂါဆိုင်ရာ ကုသကာကွယ်ရေးနှင့် ပတ်သက်၍ သင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှာ ဘိန်းအမျိုးအစား မူးယစ်ဆေးစွဲ ရောဂါကုသမှုဆိုင်ရာ အစားထိုးဆေးဝါးပေးမှုနှင့် ပတ်သက်သည့် ပထမဦးဆုံးအကြိမ် ပြုလုပ်သော ဆွေးနွေးပွဲဖြစ်ကြောင်း။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အခြားနိုင်ငံများနည်းတူ ခေတ်မီကုသရေးနည်းစနစ်ကို အသုံးပြုဆောင်ရွက်ရန် ဖြစ်သည့်အတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဟုလည်း ဆိုနိုင်ကြောင်း။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါး လုံးဝကင်းစင်ပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး(၁၅)နှစ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပထမငါးနှစ်ကာလကုန်လွန်ခဲ့၍ ဒုတိယငါးနှစ်ကာလ၏ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ဤကာလအတွင်း မူးယစ်ဆေးစွဲရောဂါကုသရေးနဲ့ ပတ်သက်၍ ဆေးကုသဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ယခုအခါ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် အဓိကမူးယစ်ဆေးစွဲရောဂါကု ဌာနကြီး ၂၆ ခု၊ ဆေးကုဌာနငယ် ၄၀ ခုနှင့် ပြန်လည်ထူထောင်ရေးနှင့် လူငယ်များ ပြုပြင်ရေးဌာနနှစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ဆေးကုဌာန သီးခြားမရှိသေးသည့် မြို့နယ်များတွင်လည်း မြို့နယ်ဆရာဝန်များအနေဖြင့် တာဝန်ယူကုသပေးလျက်ရှိပြီး နယ်စပ်ဒေသ ဆေးရုံများတွင်လည်း ကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲမှုများနှင့် ပတ်သက်၍ ဆေးဝါးသုံးစွဲမှုသဏ္ဌာန်ပြောင်းလဲမှုများ ရှိလာသကဲ့သို့ ကုသမှုကုထုံးစနစ်များလည်း ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာသည်ကို တွေ့ရကြောင်း။

အာရှနှင့် အရှေ့ဥရောပ နိုင်ငံများတွင် မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းသုံးစွဲမှုများမှ HIVပိုး ကူးစက်မှုရာခိုင်နှုန်းများသည်ကိုတွေ့ရပြီး ကူးစက်ပြန့်နှံ့မှု မြန်ဆန်သည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများမှ ကုသမှုဆိုင်ရာ ကုထုံးနည်းစနစ်တို့ကို လေ့လာပြီး ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကိုက်ညီမည့် ကုထုံးနည်းစနစ်ဖြစ်သည့် Methadone ဖြင့် အစားထိုးကုသရန် စီစဉ်လျက်ရှိကြောင်း။

ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များအနေဖြင့် သင်ကြားဆွေးနွေးမှာဖြစ်ပြီး မြန်မာနိုင်ငံ၌ ဆေးဝါးကုသရေး အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆေးစွဲရောဂါ ကုသကာကွယ်ရေး လုပ်ငန်းများအနက် ကုသမှုဆိုင်ရာ ထိရောက်သော ကုထုံးနည်းစနစ်အသစ်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆေးကုဌာနတာဝန်ခံများ၊ ဆက်နွယ်သော ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့်အကျေအလည်ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ရလဒ်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းမှာ များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

မှတ်တမ်းတင်ပြောကြား

ယခုကဲ့သို့ အရေးကြီးသော အလုပ်ရုံဆွေးနွေးပွဲကို ဖြစ်မြောက်စေရန် ဆောင်ရွက်ပေးသည့် Global Fund ၏ Principle Recipient ဖြစ်သည့် UNDP ကို ကျေးဇူးများစွာ တင်ရှိကြောင်း မှတ်တမ်းတင် ပြောကြားလိုကြောင်း။

ထို့အပြင် နည်းပညာထောက်ပံ့မှု၊ ပံ့ပိုးမှု Technical Assistance များ ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO, UNAIDS တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Shahrokh Mohammadi က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကိုယ်စားလှယ်များ၊မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှစိတ်ရောဂါအထူးကုဆရာဝန်ကြီးများ၊ နယ်စပ်ဒေသ မူးယစ်ဆေးဝါးကုသရေးဌာနများမှ တာဝန်ခံ ဆရာဝန်များ၊ နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်းထိန်းသိမ်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/၂၀၀၅)ဆင်းပွဲကို ဇူလိုင် ၂၅ရက် နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက သင်တန်းတွင် ထူးချွန်ပထမဆုရ ပေါင်မြို့ရုံးခွဲမှ အကြီးတန်းစာရေး ဦးနိုင်မင်းလတ်အား ဆုချီးမြှင့်စဉ်။ (၃၂)

မြန်မာ–ထိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ မုတ္တမကမ်းလွန်ဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban **နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၄ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဇနီး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၅ရက် နံနက် ၈နာရီခွဲတွင် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limitedတို့၏ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် (M-11)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုး ချုပ်ဆိုပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopibanနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီဥက္ကဋ္ဌ Mr. Maroot Mrigadat နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Viset Choopiban တို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် PTTEPကုမ္ပဏီဥက္ကဋ္ဌ Mr. Maroot Mrigadatတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အစီအစဉ်အရ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် PTTEPကုမ္ပဏီဥက္ကဋ္ဌ Mr. Maroot Mrigadatတို့က လုပ်ကွက်အမှတ် (M-11) အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက လုပ်ကွက်အမှတ်(M-11) အတွက် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ PTTEP ကုမ္ပဏီဥက္ကဋ္ဌ Mr. Maroot Mrigadat က လက်ခံသည်။

ထို့နောက် PTTEP ကုမ္ပဏီက ကမ်းလွန်လုပ်ကွက်အမှတ် (M-9)တွင် ပထမအကြိမ် တွင်းစတင်တူးဖော်မှု အခမ်းအနားကိုကျင်းပရာ နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးတို့က အထိမ်းအမှတ်ကြေးပြားပေါ်၌ လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် PTTEP ကုမ္ပဏီ၏ ကမ်းလွန်လုပ်ကွက်အမှတ်(M-3)၊ (M-4)၊ (M-7)၊ (M-9)တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ခင်းကျင်းပြသထားသည့်ပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ဝန်ကြီး၏ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး ဒေါ်ခင်မာအေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့် ဇနီး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဆီဒိုးနားဟိုတယ်၌ကျင်းပသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited **တို့ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ်** M-11**တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (စွမ်းအင်)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးလိုက်ပါလျက် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိလာပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းခွင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကာ ရေတွန်းစက်ရုံ၌ ရေတွန်းပန့်များ တပ်ဆင်နေမှု၊ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် စက်ပစ္စည်းများ ရောက်ရှိနေမှုအခြေအနေများ၊ရေစုကန်၊ ရေစစ်ကန်၊ အနည်ထိုင်ကန်၊ ရေတင်စက်ရုံနှင့် အကြို အနည်ထိုင်ကန်များ တည်ဆောက်ပြီးစီးနေမှုနှင့် ရေခေါ်တူးမြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းလုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံပြီးနောက် ရန်ကုန်မြို့တော်သို့ ကျန်းမာရေးနှင့်အညီ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေ ပိုမိုဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းဖြစ်၍ စေတနာထားဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို စနစ်တကျဖြင့် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသွားသည်။

(၁၉)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)၏ အစိတ်အပိုင်းဖြစ်သည့် အနည်ထိုင်ကန်တည်ဆောက်ထားမှုနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (၁၉)

ပဌာန်းစာဝါ ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း–၃လမ်း၊ သုဓမ္မာတိုက်ကျောင်း မဟာပဌာန်းဆရာတော် ဘဒ္ဒန္တဝါယမသည် ပထမကြီးတန်းသံဃာတော်များအတွက် ပဌာန်းစာဝါကို ဇူလိုင်၃၀ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါကျောင်းတိုက်၌ စတင် ပို့ချတော်မူမည်ဖြစ်သည်။ (က–ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဝါဆိုလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် ၂၀၀၅/၆ ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MIDC)**၏ ကြီးကြပ်မှုဖြင့်** The Alternative Futures Media **က စီစဉ်ထုတ်ဝေသော မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် ၂၀၀၅/၆** (Myanmar Green Book 2005/6 **)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။** (ယာပုံ)

အဆိုပါ လမ်းညွှန်စာအုပ်တွင် စက်မှုဇုန် ၁၈ဇုန်နှင့် မြန်မာတစ်နိုင်ငံလုံးရှိ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ ကလေး၊ ရွှေဘို၊ ရေနံချောင်းနှင့် မကွေး အစရှိသော စီးပွားရေးမြို့ကြီး ၁၁မြို့မှ စီးပွားရေး လုပ်ငန်းများ၊ ကုန်သွယ်ဝန်ဆောင်မှု လုပ်ငန်းများ၏ လိပ်စာများ၊ ထုတ်ကုန်ပစ္စည်းများ၊ လုပ်ငန်းကြော်ငြာများကို ထုတ်ကုန်ပစ္စည်း အမျိုးအမည်အုပ်စုအလိုက် အင်္ဂလိပ်ဘာသာကဏ္ဍ၊ မြန်မာဘာသာကဏ္ဍတို့ဖြင့် ဖော်ပြထားသည့်အပြင် အလွယ်တကူ အသုံးပြုနိုင်ရန် Myanmar Green Book CD-Rom ကိုပါ ပူးတွဲထုတ်ဝေလိုက်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

ဆက်လက်၍ မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် ၂၀၀၆ (Myanmar Green Book 2006)ကို ၂၀၀၆ ခုနှစ် နှစ်ဦးပိုင်းတွင် ပိုမိုပြည့်စုံစွာ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေပြီဖြစ်ရာ ကြော်ငြာထည့်ဝင်လိုသော လုပ်ငန်းရှင်များသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၈)လမ်းထောင့် အာရှပလာဇာ အခန်းအမှတ်(၀၂–၃၅) ဖုန်း ၀၉–၉၀၃၂၃၄၄တွင် ရုံးခန်းဖွင့်လှစ်ထားရှိသော The Alternative Futures Media ရုံးချုပ်နှင့် မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မော်လမြိုင်၊ ရေနံချောင်း၊ မကွေး၊ မြောင်းမြ၊ ဟင်္သာတ၊ ပုသိမ်နှင့် ပြည်မြို့များတွင် ဖွင့်လှစ်ထားသော The Alternative Futures Media ရုံးခွဲများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)



အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဖြစ်ပေါ်နေ သက်သာမှုရရန် မူးယစ်ဆေးဝါးသုံးစွဲမှု လက္ခဏာတွေ့နေရ

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်သိမ်းပိုက်ပြီးနောက် နှစ်နှစ်ကြာသည့်တိုင် တိုက်ခိုက်မှုများ မရပ်သေး၍ ဖိစီးမှုဖြစ်လာသော ကန်တပ်ဖွဲ့ဝင်များအတွင်း မူးယစ်ဆေးဝါး အလွဲသုံးလာသည့်လက္ခဏာများ တွေ့ရကြောင်း စစ်ဘက်မှလာသော သတင်းများက ဆိုသည်။

ဗီယက်နမ်စစ်ပွဲ အတွင်းကလည်း စစ်ညောင်းလာသောအခါ အမေရိကန် တပ်ဖွဲ့များအတွင်း မူးယစ်ဆေးဝါး သုံးစွဲလာသည့် အဖြစ်များနှင့် ကြုံခဲ့ရသည်။ ထို့အတွက် အီရတ်တွင်လည်း အလားတူ စိတ်ဓာတ်ပျက်ပြားရသည့် အခြေအနေမျိုး မဖြစ်စေရန် အာဏာပိုင်များက ဂရုပြုကြပ်မတ်ခဲ့ကြသည်။

ကန်တပ်ဖွဲ့ဝင်များ နေထိုင်ရာ အဆောင်များကို မကြာခဏရှာဖွေခြင်း၊ တပ်ဖွဲ့ဝင်များကို ဆေးစစ်ခြင်းများ ပြုလုပ်ကာ ဆေးဝါး သုံး၊ မသုံး သေချာစေရန် စိစစ်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် တပ်ဖွဲ့ဝင်များ အချင်းချင်း ဆေးဝါးသုံးစွဲမှု ရှိသည်ကို တွေ့ရလျှင် တိုင်ကြားရန် အသိပေးထားခဲ့ကြသည်။

အရေးယူ

လွန်ခဲ့သောလအတွင်းက ကန်တပ်ရင်းကြီးတစ်ခုအတွင်းမှ တပ်ဖွဲ့ဝင်များအနက် ၂ ရာခိုင်နှုန်းကို ကိုကင်းရောင်းချခြင်း၊ အရက် အလွန်အကျွံ သောက်သုံးခြင်းစသည့် ပြစ်မှုဖြင့် အရေးယူခဲ့ရကြောင်း သိရသည်။

အင်အား ၄၀၀၀ ရှိ ကန်တပ်ရင်းကြီး အမှတ် ၂၅၆ တပ်ဖွဲ့ဝင်များအနက် ၅၃ ဦးမှာ အရက်အလွန်အကျွံ သောက်သုံးမှုကြောင့် အရေးယူခြင်းခံခဲ့ရသည်။ ထိုတပ်မှ အခြားတပ်ဖွဲ့ဝင် ၄၈ ဦးမှာလည်း မူးယစ်ဆေးဝါးမှုကြောင့် အပြစ်ပေးခြင်းခံခဲ့ရသည်။

နယ်စပ်

အီရတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံ နယ်စပ်များသည် ခုခံဆန့်ကျင်ရေး သမားများအတွက် ဝင်လွယ် ထွက်လွယ်သော နယ်စပ်မျဉ်းများ ဖြစ်သည်။ ထိုနည်းတူစွာပင် လုံခြုံမှုကင်းမဲ့နေသော နယ်စပ်ဒေသများသည် ဆေးဝါးမှောင်ခိုများအတွက် လွယ်ကူစွာ ကူးသန်းနိုင်သော နေရာများဖြစ်လျက်ရှိသည်။ ထို့မျှသာမက သေး မူးယစ်ဆေးဝါးမှောင်ခိုများ အတွက် စိတ်ဖိစီးခံနေကြရသော ကန်တပ်ဖွဲ့ဝင်များသည်လည်း အရန်သင့်ရှိနေသော ဈေးကွက်ဖြစ်လျက်ရှိသည်။

နေ့စဉ်လုပ်ဖော်ကိုင်ဖက်များ သေဆုံးနေသည့်အဖြစ်နှင့်ကြုံနေရသော စစ်ပွဲ၏ အနိဋ္ဌာရုံများနှင့် အချိန်ပြည့်တွေ့နေရသည့်အတွက် စိတ်ဖိစီးမှုဒဏ်ခံနေရသော အမေရိကန်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးဘက်ဆီသို့ ဦးလှည့်လာကြသည်ဟု ဆိုသည်။

အမေရိကန်တပ်တွင်း၌ ထုတ်ဝေသော စတားအင်စထရစ်သတင်းစာတွင် သေရည်သေရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲသဖြင့် အရေးယူခြင်းခံခဲ့ရသော တပ်ဖွဲ့ဝင်များ၏ သတင်းကို ဖော်ပြခဲ့သည်။ အရေးယူခံခဲ့ရသူ တပ်ကြပ်ကြီး မိုက္ကယ်ဘောရက်နှင့် တပ်ဖွဲ့ဝင်အမျိုးသမီး အဲမလီဟယ်မီလ်တန်တို့သတင်းကို ရေးသားထားသည်။ အလားတူ ပြစ်မှုမျိုး ကျူးလွန်သူများကို အကျဉ်းချခြင်း၊ ရာထူးချခြင်း၊ စာရိတ္တပျက်ယွင်းမှုဖြင့် တပ်မှထုတ်ပယ်ခြင်းစသည့် အရေးယူမှုနည်းလမ်းများဖြင့် အပြစ်ပေးအရေးယူလေ့ရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံ အာရစ်ဂျ်မြို့ရှိ စက်ရုံတစ်ရုံအတွင်းသို့ဝင်ရောက်၍ အလုပ်သမားတစ်ဦးအား စစ်ဆေးမေးမြန်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တောင်ပိုင်းတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၅

ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ အီရတ်တပ်ဖွဲ့ဝင်များ တာဝန်ယူထားသော စစ်ဆေးရေးဂိတ်တွင် ကားဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်ငါးဦး အသက်ဆုံးရှုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

မာမွတ်ဒီယာမြို့ရှိ အီရတ်တပ်ဖွဲ့ စစ်ဆေးရေးဂိတ်ကို ပေါက်ကွဲစေတတ်သော ပစ္စည်းများတင်ဆောင်လာသည့် ယာဉ်တစ်စီးက အရှိန်ပြင်းစွာ မောင်းဝင်လာပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အတွက် အီရတ်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးရပြီး အများအပြားဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ မာမွတ်ဒီယာမြို့သည် ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ ၃၀ အကွာတွင် တည်ရှိသည်။

သေဆုံး

ယခုအဖြစ်အပျက် မဖြစ်ပွားမီကလည်း ဘဂ္ဂဒက်တောင်ပိုင်းရှိ အယ်လ်ဘူသာ အရပ်အနီးရှိ အီရတ်တပ်ဖွဲ့ စစ်ဆေးရေးစခန်းကို ကားဗုံးဖြင့် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ ထိုဖြစ်ရပ်တွင် တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသွားကြသည်။ ပြောက်ကျားများသည် မကြာခဏဆိုသကဲ့သို့ပင် အင်အားနည်းပါးလျက်ရှိသော အီရတ်တပ်ဖွဲ့ဝင်များကို ပစ်မှတ်အဖြစ် သဘောထားကာ တိုက်ခိုက်လေ့ရှိသည်။ ထိုသို့ တိုက်ခိုက်ခြင်းမှာ ရှီးယိုက်များ ကြီးစိုးသော အီရတ် အစိုးရကို အားနည်းသွားစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အီရတ်တွင် လမ်းဘေးဗုံးများပေါက်ကွဲ

ရာမာဒီ(အီရတ်) ဇူလိုင် ၂၅

အီရတ်နိုင်ငံတွင် မကြာခဏဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ နေရာဖြစ်သော ရာမာဒီမြို့ အနောက်ဘက်တွင် ပြောက်ကျားများထောင်ထားသည့် လမ်းဘေးဗုံးနှစ်လုံး တနင်္ဂနွေနေ့တွင် ပေါက်ကွဲခဲ့ရာ အမေရိကန်ဟမ်းဗီးသံချပ်ကာယာဉ်နှစ်စီး ပျက်စီးခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူများလည်းရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ရာမာဒီမြို့အရှေ့ဘက် ဟာဆီဘာလ်-ရာကီရာ ဒေသတစ်ဝိုက်တွင် အမေရိကန် ကင်းလှည့်အဖွဲ့များ ဖြတ်သန်းသွားစဉ် အဆိုပါလမ်းဘေးဗုံးတစ်လုံး နံနက် ၈နာရီတွင် ပေါက်ကွဲခဲ့သည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့်ဟမ်းဗီးစစ်ယာဉ်တစ်စီးပျက်စီးသွားပြီး ယင်းယာဉ်တွင်လိုက်ပါလာသူ အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံး၊ ဒဏ်ရာရခဲ့ကြသည်ဟု ထိုဒေသတွင် နေထိုင်သူ ဟန်ဒီမူမိုဒ်အလ်ဒူလာမီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာသို့ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်ကင်းလှည့်အဖွဲ့ယာဉ်တစ်စီး ရောက်ရှိချိန်အတွင်းမှာပင် နောက်ထပ်လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် ဒုတိယဟမ်းဗီးစစ်ယာဉ်တစ်စီး ပျက်စီးခဲ့သည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်အားပြင်း အပူပိုင်းမုန်တိုင်း ကာရစ်ဘီယံတွင် တိုက်ခတ် မုန်တိုင်းများ အဆက်မပြတ်ကျရောက်မည်ဟု ပညာရှင်များခန့်မှန်း

မီယာမီ ဇူလိုင် ၂၅

အတ္တလန္တိတ်ဟာရီကိန်းမုန်တိုင်း ရာသီတွင် ခြောက်ကြိမ်မြောက် အပူပိုင်းမုန်တိုင်းတစ်ခုသည် စနေနေ့တွင် အင်အားပြင်းစွာ အတ္တလန္တိတ်ဒေသတွင်း ဖြတ်သန်းသွားပြီး ထိုမုန်တိုင်းသည် အမေရိကန်သို့ ဦးတည်နေရာ မုန်တိုင်းလမ်းကြောင်း ရှောင်လွှဲသွားစရာရှိသည်ဟု မိုးလေဝသကြိုတင်ခန့်မှန်းသူများက ပြောကြားကြသည်။

ကာရစ်ဘီယံဒေသ ဘာဖူဒါကျွန်း၏ အနောက်-အနောက်တောင်ဘက် ၆၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် တစ်နာရီမိုင် ၇၀ နှုန်းဖြင့် ဖရန့်ကလင်းအပူပိုင်းမုန်တိုင်း တိုက်ခတ်လျက်ရှိသည်ဟု မီယာမီအမျိုးသား ဟာရီကိန်း လေ့လာရေးဗဟိုဌာနက ပြောကြားသည်။

ပြောင်းလဲတိုက်ခတ်မည်

မုန်တိုင်းသည် တစ်နာရီလျှင် ၇၄ မိုင်နှုန်းကျော် တိုက်ခတ်သော ဟာရီကိန်းမုန်တိုင်းအဖြစ် စနေနေ့ နှောင်းပိုင်း သို့မဟုတ် တနင်္ဂနွေနေ့တွင် ပြောင်းလဲတိုက်ခတ်လာမည်ဖြစ်ကြောင်း အဆိုပါဌာနက ခန့်မှန်းခဲ့သည်။ ဖရန့်ကလင်း မုန်တိုင်းသည် တစ်နာရီလျှင် ၉ မိုင်နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားသွားပြီး ဘာမူရာဒေသကျွန်း လူဦးရေ ၆၀၀၀၀ ခန့် နေထိုင်ရာ နေရာသို့ လာမည့် ရက်သတ္တပတ် အလယ်ခန့်တွင် ကျရောက်နိုင်မည်ဟု ဆိုသည်။

ကြိုတင်ခန့်မှန်း

ယခုနှစ်တွင် မုန်တိုင်းများ အဆက်မပြတ် ကျရောက်နေမည်ဟု ဟာရီကိန်းကျွမ်းကျင်ပညာရှင်များက ကြိုတင်ခန့်မှန်းခဲ့ကြသည်။ ကာရစ်ဘီယံ၊ မက္ကဆီကိုနှင့် အမေရိကန်ပင်လယ်ကွေ့တို့တွင် ဟာရီကိန်းမုန်တိုင်း ဒင်းနစ်နှင့် အမ်မီလီတို့ ကျရောက်ခဲ့ပြီးဖြစ်သည်။

ယမန်နှစ်က အပူပိုင်းမုန်တိုင်း ၁၅ ခု ကျရောက်ခဲ့ရာ ထိုမုန်တိုင်းများ အနက်မှ ကိုးခုသည် ဟာရီကိန်းမုန်တိုင်း အဆင့်သို့ ရောက်ရှိခဲ့သည်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါ ကမ်းခြေဒေသမှာ ရက်သတ္တပတ်ခြောက်ပတ် အတွင်းတွင် ဟာရီကိန်းမုန်တိုင်း လေးကြိမ် ကျရောက်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

လက်ဘနွန်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါနိုင်ငံတွင် လုံခြုံရေးတိုးမြှင့်

အော့တဝါ ဇူလိုင် ၂၅

ယခုလစောစောပိုင်းတွင် လန်ဒန်မြို့၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ပေါ်ပေါက်လာပြီးနောက် ကနေဒါနိုင်ငံ၏ ဘတ်စ်ကားများနှင့် မြေအောက်ရထားများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ရေးကိစ္စကို ကနေဒါသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဇူလိုင် ၂၃ ရက်က ထွက်ပေါ်လာသော မီဒီယာသတင်းများတွင် ဖော်ပြသည်။

ကနေဒါ သယ်ယူပို့ဆောင်ရေးဌာနက လုံခြုံရေးဆိုင်ရာ အစီအမံများကို ရေးဆွဲရာတွင် ထိရောက်မှုရှိစေရန် လုပ်ငန်းအဖွဲ့များက အကြံပြုကြသည်။ ရထားနှင့်ကားဂိတ် အပြောင်းအလဲပြုလုပ်ရာ လမ်းဆုံနေရာများတွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ဝတ်စုံဝတ်ဆင်ထားသော လုံခြုံရေးအရာရှိများ ပိုမိုထားရှိခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရန် အကြံပြုထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E.Dr.Surakiart Sathirathai နှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၄နာရီ မိနစ် ၅၀တွင် မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့တော်ဝန်နှင့်အတူ အထူးမော်တော်ယာဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ်နားနေ ဧည့်ခန်းမဆောင်သို့ ရောက်ရှိလာရာ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်၊ တပ်မတော် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ အရေးကြီးပုဂ္ဂိုလ်နားနေဧည့်ခန်းမဆောင်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်မန္တလေးမြို့တော်ဝန်တို့သည် နှစ်နိုင်ငံဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ညနေ ၅နာရီတွင် ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးမြို့တော်ဝန်နှင့်အတူ မော်တော်ယာဉ်များဖြင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ နံ့သာတိုင်များဖြင့် ပူဇော်၍ မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်သည် မဟာမုနိရုပ်ရှင်တော်မြတ် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုး၍ မဟာမုနိရုပ်ရှင်တော်မြတ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မဟာမုနိဂေါပကအဖွဲ့မှ ဗုဒ္ဓဆင်းတုတော်တစ်ဆူအား လက်ဆောင်အဖြစ် ပေးအပ်သည်။

လှည့်လည်ကြည်ညို

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ် တစ်ပတ်လှည့်လည်ကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့တို့သည် ခေါင်းလောင်းတော်အား သုံးချက်ထိုး၍ အမျှပေးဝေကြသည်။

ပြန်လည်ထွက်ခွာ

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၆နာရီ မိနစ် ၄၀တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်နားနေဧည့်ခန်းမဆောင်သို့ ပြန်လည်ရောက်ရှိကာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ည ၇နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရွှေသင်္ကန်း ကပ်လှူ

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ၏ အထူး ကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr. Surakiart Sathirathai မန္တလေးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း ကပ်လှူစဉ်။

(သတင်းစဉ်)

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးရဲဝင်းအားခန့်အပ်

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဦးရဲဝင်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ တောင်ငူ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီတွင် တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင် တက်ရောက်အမှာစကားပြောကြားပြီး ခုံ(၁)မှရွှေ့ကွက်ကို စတင်ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ တောင်ငူတပ်နယ်မှ အရာရှိ စစ်သည်များနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြပြီး ပြိုင်ပွဲကို အကြီးတန်း၊ လူသစ်တန်းနှင့် အမြန်ရွှေ့ဟူ၍ ခွဲခြားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်မှ တပ်များ၊ ဌာနချုပ်များမှ အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်း ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများက မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(၅၀၆)

မိုင်းနောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်စီဂျင်ဆလင်ဒါပြွန် လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် အသုံးပြုရန်အတွက် မိုင်းနောင်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ စုပေါင်းလှူဒါန်းသော အောက်စီဂျင်ဆလင်ဒါပြွန်နှင့် ဆက်စပ်ပစ္စည်းလှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် မွန်းလွဲပိုင်းတွင် အဆိုပါဆေးရုံ လူနာကုသဆောင်၌ ကျင်းပရာ အခမ်းအနားသို့ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ တပ်မတော်အရာရှိများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်လွင်၊ ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာ အောင်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်သောင်းအေးက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ငွေကျပ်၁၇၀၀၀၀တန်ဖိုးရှိ အောက်စီဂျင်ဆလင်ဒါပြွန်နှင့် ဆက်စပ်ပစ္စည်းနှစ်စုံကို တာဝန်ခံဆရာဝန် ဒေါက်တာ အောင်ကျော်ဝင်းအား ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်စိုးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံမောင်တို့ ဦးဆောင်ပြီး (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၂၀ရက်က ကျင်းပရာ ကန်ဦးကျောင်းတိုက် ဆရာတော် ဦးပညာသီရိနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်စဉ်။

(၃၁)

MRCS အပိုင်း(၁) အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

ရန်ကုန် ဇူလိုင် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ၂၀၀၆ ခုနှစ် ဇန်နဝါရီလအတွင်း စစ်ဆေးမည့် MRCS အပိုင်း(၁) စာမေးပွဲအတွက် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာကို ခေါ်ယူလျက်ရှိသည်။

သို့ဖြစ်၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်၍ လျှောက်လွှာကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂ရက် နောက်ဆုံးထားကာ လျှောက်ထားရမည်ဖြစ်ပြီး အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ရန်ကုန်မြို့ရှိ လမ်းမတော် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ စစ်ဆေးမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို သိလိုပါက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဆေးသိပ္ပံပညာဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၂၄၂၈၅၅ နှင့် ၀၁-၂၄၁၇၈၃ လိုင်းခွဲ ၁၃၆/၁၃၅/၁၅၅ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ညောင်ကန်အေး ငွေရတုကျောင်းတော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်းတော် ဆောက်လုပ်ရာတွင် မန္တလေးမြို့မှ ဒေါ်စန်းမိသားစုက ဒုတိယအကြိမ် ငွေကျပ် ၂၀၀၀၀၀၊ လှိုင်မြို့နယ် မြကန်သာအိမ်ရာနေ ကိုမျိုးစိုးက ငွေ ၁၀၀၀၃၁ ကျပ်၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်နေ ဖခင်ဦးကြည်လင်အားရည်စူး၍ ကိုဝင်းဌေး၊ မအေးပပမိုးမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ ဒေါ်တင်ညွန့်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ တာမွေမြို့နယ် ဌေးကြွယ်(က)ရပ်ကွက်နေ မိခင်ကြီးဒေါ်ကြင်ငွေအားရည်စူး၍ သားသမီးတစ်စုက ငွေကျပ် ၁၀၀၀၀၀၊ လသာမြို့နယ် (၂၁)လမ်းနေ ဒေါ်လှရီ၊ ဒေါ်လှခင်၊ ဒေါ်အေးမြင့်၊ ဦးစိုးညွန့်၊ ဒေါ်စန်းမြင့် မောင်နှမတစ်စုက ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် အင်းစိန်လမ်း (၃)ရပ်ကွက်နေ နှစ်ဘက်မိဘများအားအမှူးထား၍ ကိုဉာဏ်ဟိန်း၊ မစန်းယုလွင်တို့က ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းမကြီး (၃)ရပ်ကွက်နေ နှစ်ဘက်မိဘများအား အမှူးထား၍ ကိုသိန်းမြင့်ထွန်း၊ မနီနီအောင်၊ သား ထက်အောင်လင်းမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ အင်းစိန်မြို့ အရှေ့ကြို့ကုန်းနေ ဦးခင်လတ်၊ ဒေါ်သန်းညွန့်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းနေ ဦးသောင်းကြည်၊ ဒေါ်စန်းမြမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန်မြို့ Three Friend Trading က ငွေကျပ် ၁၀၀၀၀၀၊ မန္တလေးမြို့မှ သားသမီးမြေးများက မိခင်ဒေါ်တင်ရီအားရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ ကချင်ပြည်နယ် လုံးခင်းမြို့နေ ကိုလှခိုင်၊ မမြတ်မြတ်ထွေး သမီး၊ ရှင်းပပဦးမိသားစုက မယ်တော်ကြီး ဒေါ်ပွဲဟန်အားရည်စူး၍ ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းကြသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - သန္ဓိ(Enphony.) (ဒုတိယနှစ်-အရှေ့တိုင်းပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -ထမ်းဆောင်ဝန်တာ သာသနာရေးရာအဖြာဖြာ**
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ"(အပိုင်း-၁၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိုင်ငံတော်၏ ၁၇၆ ခုမြောက် ရေလှောင်တမံစီမံကိန်း မြို့လှ(တပ်ကုန်း) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကျင်းပ

စိုက်ပျိုးမြေဧက ၃၃၀၀ ကျော်ကို ဆည်ရေပေးဝေမည်ဖြစ်ပြီး စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေရရှိရေး အထောက်အကူပြုမည်

ရန်ကုန် ဇူလိုင် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် မန္တလေးတိုင်း တပ်ကုန်းမြို့နယ်ရှိ မြို့လှ(တပ်ကုန်း) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့ တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားကြသည်။

ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင်နှင့် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ ၊မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် ယနေ့တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်အတွင်း မြို့လှချောင်းကိုပိတ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် မြို့လှရေလှောင်တမံကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ တည်ဆောက်ဖွင့်လှစ်လိုက်သည့် မြို့လှရေလှောင်တမံသည် ဒေသခံပြည်သူများ လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်တော့မည်ဖြစ်သည့်အတွက်ဒေသခံပြည်သူများနှင့်ထပ်တူ ဝမ်းမြောက်ပီတိဖြစ်မိကြောင်း။

ယခု မြို့လှရေလှောင်တမံကို တည်ဆောက်လိုက်နိုင်သည့်အတွက် ထိုဒေသတွင် မြို့လှချောင်း ဝဲယာက စိုက်ဧက ၅၀၀ကျော်ကို စိုက်ပျိုးရေ ပေးနိုင်သည့်အပြင် ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းစနစ်ကို အသုံးပြုမှုဖြင့် ဧက ၁၅၀၀ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းနှင့် ဆက်စပ်ပြီး မြို့လှနှင့် ရမည်းသင်းကြား ရေလှောင်အားကျနေသည့် ဆည်၊ ကန်လေးခုကို ပြုပြင်ပေးပြီး စိုက်ဧက ၁၃၀၀ခန့်ကို ရေပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့လှရေလှောင်တမံနှင့် ဆက်စပ်ဆည်ငယ်များ၏ အကျိုးပြုမှု ဧက ၃၃၀၀ကျော် တိုးတက်လာစေမည်ဖြစ်ကြောင်း။

၁၇၆ ခုမြောက်

ယခု ဖွင့်လှစ်လိုက်သည့် မြို့လှ(တပ်ကုန်း) ရေလှောင်တမံသည် မန္တလေးတိုင်း၏ ၄၄ ခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်ပြီး နိုင်ငံတော်၏ ၁၇၆ ခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်ကြောင်း။

မြို့လှရေလှောင်တမံကို ယင်းဒေသ၏ ယာမြေများ ဆည်ရေသောက်ဘဝကူးပြောင်းတိုးတက်လာစေရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်သည့်အတွက် ကျေးရွာအုပ်စု ငါးခုက စိုက်ပျိုးမြေဧက ၃၃၀၀ ကျော်ကို ဆည်ရေပေး ဝေနိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေရရှိရေးတို့ကိုပါ ဖြစ်ထွန်းပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ဒေသခံပြည်သူများအနေနှင့် ယခင်က မိုးနည်းရေရှား၍ လယ်ယာစီးပွားရေးတွင် အဟန့်အတားဖြစ်နေရသည့် ဘဝက လွတ်မြောက်ပြီဖြစ်ကြောင်း၊ မြို့လှဆည်ရေနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ မြင့်မားတိုးတက်အောင်ဆောင်ရွက်ရင်း မိမိတို့ကိုယ်တိုင်နှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက် သွားနိုင်တော့မည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် နယ်မြေ၏ စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဝမ်းသာပီတိဖြစ်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြောကြားရာတွင် ရေကိုအထူးလိုအပ်သည့် အညာဒေသတွင် ဆည်တစ်ခုထပ်မံပေါ်ပေါက်လာပြီဖြစ်၍ ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိ ဖြစ်မိကြောင်း။

မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍကုန်ထုတ်စွမ်းအားများ တိုးပွားရေးအတွက် သဘာဝရာသီဥတုကို အံတုနိုင်သည့် ရေရရှိနိုင်သော စီမံကိန်းများကို မြန်မာပြည်၏ ဒေသအနှံ့၌ ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး တည်ဆောက်ပေးနေခြင်းမှာ ယနေ့ဆိုလျှင် မိမိတို့ မန္တလေးတိုင်းအတွင်းတွင် ဆည်စီမံကိန်း ၄၄ခုမြောက်ခဲ့ပြီး ဧက ၃၇၂၈၆၆ ကျော် အကျိုးပြုလာနိုင်ပြီ ဖြစ်ကြောင်း။

မန္တလေးတိုင်း တပ်ကုန်းမြို့နယ်ရှိ မြို့လှ(တပ်ကုန်း) ရေလှောင်တမံ ဖွင့်ပွဲခမ်းအနားတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။(လယ်/ဆည်)

ယနေ့ဖွင့်လှစ်သည့်မြို့လှ(တပ်ကုန်း) ရေလှောင်တမံသည် တမံအလျား ပေ ၂၁၀၀ တမံအမြင့် ပေ ၈၀နှင့် ဖို့မြေကျင်း၂၉၈၆၀၀ ဆောင်ရွက်ခဲ့ရကြောင်း၊ ရေပိုလွှဲ အကျယ်ပေ ၃၀ရှိပြီး ရေပိုလွှဲအလျား ပေ ၉၄၀ ရှိကြောင်း၊ တစ်ပေခွဲအချင်းရှိသည့် တမံ၏ ရေထုတ်ပြွန်မှ တစ်ဆင့် မူလချောင်းအတွင်း ရေပြန်ချပေးပြီး ဆင်သေရေလွှဲဆည်၏ လက်ဝဲတူးမြောင်းရှိ ရေသောက်ဧရိယာ ဧက ၁၅၀၀ ကို ရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခြင်း၊ မြို့လှချောင်း ဘေး ဝဲယာလယ်နှင့်ကိုင်းဧက၅၀၀ခန့် ရေသောက်နိုင်ခြင်းနှင့် မိုးစပါး စိုက်ဧက ၁၂၈၉ ဧက တိုးတက်စိုက်ပျိုးနိုင်ရန်အတွက် မြို့လှ(တပ်ကုန်း) ရေလှောင်တမံနှင့် ရမည်းသင်း ကျီးနီကန်အကြားတွင် ကျေးရွာဆည်/ကန်ငယ်များဖြစ်သည့် နတ်တံခါးဆားကျင်းကန်၊ နွားထိုးကန်၊ ငွေးတောက်ကန်နှင့် တာတိုင်ကန်တို့ကို ဆည်အစုအဖွဲ့များအဖြစ် အကျိုးပြုနိုင်ရန် ပြန်လည်ပြုပြင် တည်ဆောက်ပေးမည်ဖြစ်၍ ရေမြေချင်းဆက်စပ်ပြီး သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မည့် အခြေခံကောင်းများ ဒေသခံ တောင်သူလယ်သမားများလက်ဝယ် ရောက်ရှိတော့မည် ဖြစ်သည့်အတွက် တုနှိုင်းလို့မရနိုင်သည့် ဝမ်းသာပီတိများ ဖြစ်မိကြမည် အမှန်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မြို့လှ(တပ်ကုန်း) ရေလှောင်တမံ၏ ရေထုတ်ပြွန်ကနေ ၁၆ကီလိုဝပ်ရှိသည့် ရေအားလျှပ်စစ်စက်ရုံတပ်ဆင်ပြီး အနီးအနားကျေးရွာများသို့ ပေးဝေရန် စီစဉ်ထားကြောင်း။

ထို့ကြောင့် တောင်သူလယ်သမားများကိုသာမက တစ်နိုင်ငံလုံးကိုပါ ဖွံ့ဖြိုးတိုးတက်စေမည့် ဆည်မြောင်းတာတမံများကို ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ကြပြီး စိုက်ပျိုးရေကိုလည်း အလေအလွင့်မရှိအောင် အမြော်အမြင်ရှိစွာနှင့် သုံးစွဲကြပါဟု ပြောကြားသည်။

ဆက်လက်၍ မြို့လှ(တပ်ကုန်း) ရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား တပ်ကုန်းမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မြို့လှ(တပ်ကုန်း) ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် မြို့လှ(တပ်ကုန်း)ရေလှောင် တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြို့လှ(တပ်ကုန်း)ရေလှောင်တမံ၏ ပင်မတမံနှင့် ရေသိုလှောင်ရရှိမှုအခြေအနေ၊ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကိုးပါးသီလတရားတော် ဟောကြားချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၆

၁၃၆၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက် ၂၀၀၅ခုနှစ် ဇူလိုင် ၂၈ရက် ကြာသပတေးနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမ စျေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်အပြီးတွင် ဟောကြားချီးမြှင့်တော် မူမည်ဖြစ်သည်။ (သတင်းစဉ်)

ဩဂုတ် ၁ရက်တွင် ထီဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၅ ခုနှစ် ဩဂုတ် ၁ရက်(တနင်္လာနေ့)တွင် (၁၉၉)ကြိမ်မြောက် ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်ပေးမည့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၃၀၀)ဆု တစ်ဆု၊ ငွေကျပ်သိန်း(၅၀)ဆု ၂၉ဆု၊ ငွေကျပ်(၂၅)သိန်းဆု ၁၂ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၆၅ဆု၊ ငွေကျပ်ငါးသိန်းဆုနှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်းဆု ၄၆ဆု၊ ငွေကျပ် နှစ်သောင်းဆု ၃၃၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ဆုစုစုပေါင်း ၂၀၁၁၂ဆုတို့ဖြစ်သည်။

ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဩဂုတ် ၈ရက်မှစ၍ လက်ခံဆောင်ရွက် ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။ (သတင်းစဉ်)

အရည်အသွေးကောင်းဂုန်လျှော်၊ ချဉ်ပေါင်လျှော်ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီးလျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃-၄)ရက်အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံးလေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသောရေတွင် ဖောင်ဖွဲ့၍ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကိုရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက်မလိုစေရန်နှင့် မလွန်စေရန်ဂရုပြုပါ။ ရေစိမ်ပြီးရက်သတ္တပတ်တစ်ပတ်ကြာမှစ၍ နေ့စဉ်လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့်ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

❊ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တုရင်တောင်ခြေအနီးရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ နောက်ဆုံးရေတင်အဆင့် အဆင့်(၇)၏ လက်ယာလက်တံမြောင်း (၆)သို့ ရောက်ရှိကြပြီး ရေပေး ဝေမှုကိုကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က မိုးစပါးစိုက်ပျိုးရန်အတွက် ရေပို့လွှတ်မှု ခြေအနေကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေတင်အဆင့် (၅)လက်တံမြောင်း(၄) ဆုံရာနေရာမှ လယ်မြေများသို့ ရေပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ တုရင်းတိုင်ရွာအနီးရှိ ရေတင်အဆင့်(၅) ပင်မမြောင်းမှ တိုက်ရိုက်ရေပေးမှုဖြင့် စပါးပျိုးခင်းများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

မိုးစပါးစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လယ်မြေကွက်များဖော်ထုတ်ပြင်ဆင်ထားမှုများကိုကြည့်ရှုစစ်ဆေးပြီး လက်တံမြောင်း(၃)ရေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုကြသည်။

ထို့နောက် ရေတင်အဆင့်(၃) လက်တံမြောင်း(၂) ဆုံရာနေရာသို့ ရောက်ရှိပြီး မြေပြုပြင်နေမှု၊ မိုးစပါးစိုက်ပျိုးနေမှုနှင့် လက်တံမြောင်းမှ ရေပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လက်တံမြောင်း(၂)မှ ရေပေးမှုဖြင့် နွေစပါးဧက ၁၅၀စိုက်ပျိုးခဲ့ပြီး မိုးစပါး ၅၆၄ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖွားစောကျေးရွာအနီးသို့ရောက်ရှိပြီး တောင်သူဦးဖိုးရွှေ၏ မနောသုခ နွေစပါး ခြောက်ဧကရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်မောင်လွင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေတင်စခန်းများ၊ ပင်မမြောင်းနှင့်လက်တံမြောင်းများမှ မိုးစပါးစိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ နှစ်အလိုက် စပါးစိုက်ဧကများအတွက် ရေပေးဝေနိုင်သည့်အခြေအနေနှင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ပုဂံ–ညောင်ဦးဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးနှင့်ဒေသအကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် နိုင်ငံတော်က ပံ့ပိုးတည်ဆောက်ပေးထားခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရေး၊ လယ်မြေများတိုးချဲ့ ဖော်ထုတ်စိုက်ပျိုးကြရေးမှာကြားပြီး ပင်မရေတင်စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဧက ၅၀၀၀

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတစ်ခုလုံးမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ပုဂံ–ညောင်ဦးဒေသအတွင်းရှိ မိုးစပါးစိုက်ဧက ၅၀၀၀ကို ရေပေးဝေစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေက ပုဂံ–ညောင်ဦးဒေသ၌ ဟိုတယ်၊ မိုတယ်များ တည်ဆောက်ထားရှိမှုအခြေအနေ၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်တည်းခိုမှု၊ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက နန်းမြင့်မျှော်စင်မွမ်းမံ ထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ရှုခင်းကို ကြည့်ရှုကြသည်။

ပုဂံရွှေနန်းတော်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်း၏ ပုဂံရွှေနန်းတော် ပြန်လည်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက နန်းတော်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တည်ဆောက်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံမြန်ဆန်စွာရရှိအောင် ဆောင်ရွက်ရေးနှင့် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နန်းတော်ပြန်လည်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ညောင်ဦးမြို့ရှိ အနော်ရထာခန်းမ၌ ညောင်ဦးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးက မြို့နယ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စေတနာထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပုဂံ–ညောင်ဦးဒေသဖွံ့ဖြိုးတိုးတက်လာစေရန် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုဂံ–ညောင်ဦးဒေသသည် မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သဖြင့် ပြည်ပမှ ဧည့်သည်များ စိတ်ဝင်စားစွာ လည်ပတ် လေ့လာသည့်နေရာဖြစ်၍ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနေသည်နှင့်အညီ ဒေသရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို စေတနာထား၍ကျေပွန်စွာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ဦးဆောင်ကြိုးကြပ်မှု၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာထမ်းဆောင်မှုနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၇–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၁၃၆၇ခုနှစ်၊ဝါဆိုလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အရေးပြိုင်ပွဲ
- ၈း၂၀ ၇။ ပိုင်ကျူရေထိန်းတံခါး
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let' s Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ရန်ကုန်တိုင်းအမှတ်(၃) အခြေခံပညာဦးစီးဌာန ဆင့်မအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၁၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
- ၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၁၀ ၆။ သီချင်းကြီးပဒေသာ
- ၅း၂၀ ၇။ ရုပ်ဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၀ ၈။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆း၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေလှိုင်းကြားက ကိုယ့်ချစ်သူ"(အပိုင်း–၁)**
- ၇း၄၀ ၁၃။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဖျော်ဖြေမှုအစီအစဉ်
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ရွှေမင်းဝံရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၆

ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ(၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ ဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးကျော် **(အပေါ်ပုံ)**၊ ရွှေမင်းဝံသာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး (၉၉)နှစ်မြောက် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေးဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ၏ သက်တော်(၉၉)နှစ်မြောက် ဝိဇာတမွေးနေ့ မင်္ဂလာနှင့်စုပေါင်းသိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက် မင်္ဂလာဓမ္မာသိမ်တော်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ဆရာတော်ကြီးအမှူးပြုသောဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ဆရာတော်ကြီးအား သိက္ခာထပ်၍အလှူရှင်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ သိမ်ဆင်းလောင်းလှူကြသည်။

နံနက် ၉နာရီတွင် အခမ်းအနားကိုမွှာစကြာမွှော်ရုံ၌ ဆက်လက်ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပဓာနအကျိုးတော်ဆောင် ဦးခင်လတ်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဗိုလ်မှူးချုပ်လှမင်းနှင့်ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် ဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်ဟောကြားတော်မူပြီး ဗိုလ်မှူးချုပ်လှမင်းနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၇–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	UEFA Stories Best Games (1)
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	မေးကြည့်ဖြေကြည့်ပဟေဠိ (၆)
၈း၂၀	တေးဂီတအစီအစဉ်
၈း၃၀	ကာယဗလလေ့ကျင့်နည်းစနစ် (အပိုင်း–၂)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	Say it in English
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ဇော်ဝင်းထွဋ် Live Show At MCC (2)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မြန်မာနိုင်ငံ သစ်တောကျောင်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	မြန်မာဂျပန်ရိုးရာလက်ဝှေ့ပွဲ (Preview)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀	နဂါးရေလှောင်တမံ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း၊ အမှတ်(ည/၇၀)နေ ကွယ်လွန်သူ ဦးကျော်စိုးအားရည်စူး၍ ဇနီး ဒေါ်ခင်စီနှင့် သား၊ သမီး၊ မြေးများက အလှူငွေ ကျပ်တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

နိုင်ငံတော်အကြီးအကဲက ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေးကို (၁၀)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့

✧ ရှေ့ဖုံးမှ

အခမ်းအနားတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေဘဲ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ပညာရေးအဆင့်မြင့်တင်ပေးရေး၊ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တင်ပေးရေးနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၆ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၆၁ ဖွဲ့တို့က မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသတိုင်းသုံးတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းများရှိ ရေခက်ခဲသော ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀ နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

စာရင်းကောက်ယူ

စည်ပင်သာယာရေးအဖွဲ့များမှ ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သောကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရရှိသောကျေးရွာပေါင်း ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်နှင့် တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ ရွာရှိပါသဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း စာရင်းကောက်ယူရရှိခဲ့ပါကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းအတွက် ငွေကျပ်၂၅၀ဒသမ ၁၃သန်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂၁ဒသမ၆၁သန်း၊ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်တွင်ငွေကျပ် ၅၇၂ဒသမ၀၂သန်း၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၅၃ ဒသမ ၄၄သန်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၃၆ ဒသမ ၇၄ သန်း သုံးစွဲခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၁၁၈၂ ဒသမ ၃၆ သန်း သုံးစွဲရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်နယ်/တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ရန် စုစုပေါင်း ကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ဆောင်ရွက်ပေးနိုင်ခြင်းသည် နိုင်ငံတော်ရန်ပုံငွေ၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေနှင့် စေတနာရှင် အလှူရှင်များမှ ပူးပေါင်းပါဝင် လှူဒါန်းလာသဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်းကြောင့်ဖြစ်ပါကြောင်း၊ ပထမအကြိမ်မှနဝမအကြိမ်အထိ စုစုပေါင်း အလှူရှင်၁၃၃၅ဦး ငွေကျပ်၁၀၅၃၀ဒသမ၆၇၄သိန်း၊ US$ ၇၀၂၅၂၊ EURO ၇၇၀နှင့် FEC ၁၀၀၁၂တို့ လှူဒါန်းရရှိခဲ့ကြောင်း။

ပူးပေါင်းဆောင်ရွက်

၎င်းအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြား လူမှုရေးအသင်းအဖွဲ့များကလည်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency -JICA) က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စက်ရေတွင်းပေါင်း ၁၅၅တွင်း တူးဖော်ပေးခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသ သောက်သုံးရေ ရရှိရေးအတွက်လည်း မြို့နယ်၁၁မြို့နယ်တွင် တွင်းနက်၂၂တွင်း တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ပြင် အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (Bridge Asia Japan-BAJ)က ၂၀၀၁-၂၀၀၂မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စက်ရေတွင်း တွင်းနက်ပေါင်း၇၂တွင်း တူးဖော်ပေးခဲ့ကြောင်း။

အလားတူ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ကလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသတိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၄၆၈ခုကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လမ်းညွှန်ချက်နှင့်အညီ

ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း၂၅မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မကြာမီ ပခုက္ကူခရိုင်လုံးကျွတ် ရေရရှိအောင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖော်ပြပါ မြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိပြီးဖြစ်သော်လည်းနေ့စဉ်တိုးတက်လာသော လူဦးရေနှင့်အညီ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးပြီး ကမ္ဗည်းကျောက်စာများလည်း ရေးထိုးပေးခဲ့ပါကြောင်း၊ စက်ရေတွင်းဖွင့်ပွဲများလည်း ကျင်းပပြုလုပ်ပေးပြီး အလှူရှင်များအားလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပြီး အလှူရှင်များထံသို့လည်း မိမိတို့လှူဒါန်းမှုအပေါ် ကြည်နူးပီတိ ပွားနိုင်စေရန် ဓာတ်ပုံ၊ အချက်အလက် မှတ်တမ်းများကိုလည်း ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် အကျိုးတူလုပ်ငန်းများက ငွေကျပ် ၁၀၈သိန်း၊ မိဘများအားအမှူးထား၍ သီဟရာဇာကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဦးနှင့် ဒါရိုက်တာ ဦးရွှေလေး မိသားစုတို့က ငွေကျပ် ၇၂သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ငွေကျပ် ၂၅၀၀၀၀နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ဆရာတော် ဦးဥက္ကံသ(တောင်ကျောင်း-စမ်းကန်ကျေးရွာ)အား အမှူးထား၍ ဦးစန်းလွင်-ဒေါ်အုန်းကြင် မိသားစုက ငွေကျပ် ၆၅၇၀၀၀၀၊ ဆင့်ရတနာ ဇမ္ဗူအေးကျောင်းအမကြီး ဒေါ်သန်းသန်းဆင့် မိသားစုနှင့် တိုင်းချစ်ဆွေပွဲရုံ ဦးနေဝင်း-ဒေါ်ခင်ခင်နွယ် မိသားစုတို့က ငွေကျပ် ၁၇၅၀၀၀၀၊ မိဘများဖြစ်ကြသော သခင်ဘဌေး-ဒေါ်စိန်ခင်တို့အား ရည်စူး၍ ဦးမိုးဟိန်း-ဒေါ်ဝင်းဝင်းမြင့် မိသားစုတို့က ငွေကျပ် ၁၇၁၅၀၀၀၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်တို့အား အမှူးထား၍ ပထမနှစ်အမ်ဘီဘီအက်စ်သင်တန်းမှူးများ၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ကျောင်းသူများက ငွေကျပ် ၁၅သိန်းနှင့် ကွယ်လွန်သူနှစ်ဖက်မိဘများအား ရည်စူး၍ ဒေါ်လာဘက်ထရီမှ ဦးကင်းစိန်-ဒေါ်ချိုချိုလွင် မိသားစုက ငွေကျပ် ၁၃၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ ကွယ်လွန်သူဖေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးစိုးလွင်နှင့် သား ဦးကျော်ဇင်လွင်(တရားရုံးချုပ်ရှေ့နေ)တို့အား ရည်စူး၍ ဒေါ်ခင်လေးလွင် မိသားစုက ငွေကျပ် ၁၂၅၀၀၀၀၊ ဦးစိန်အောင်မင်း(ခေါ်)ဦးမြသောင်းက ငွေကျပ် ၁၂၅၀၀၀၀၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးချစ်စိုး-ဒေါ်တင်ကြည် မိသားစုက ငွေကျပ် ၁၁သိန်းနှင့်ဦးချစ်မောင်-ဒေါ်တင်မြ မိသားစုက ငွေကျပ် ၁၁သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ အလှူရှင် နှစ်ဖက်မိဘများအား အမှူးထား၍ ကွယ်လွန်သူဇနီး ဒေါ်ခင်မမိုးအား ရည်စူး၍ ဦးကျော်မြင့် မိသားစုက ငွေကျပ် ၁၀၅၀၀၀၀၊ ဦးစစ်- ဒေါ်အေးကြင်တို့အား အမှူးထား၍ သား ဦးမောင်မောင်နီ-ဒေါ်စိန်စိန် သား သမီး မြေးတစ်စု၊ နှစ်ဖက် မိဘများအား အမှူးထား၍ ဦးထိုက်သူ -ဒေါ်မေသက်ထွန်းမိသားစု၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးထွန်းဝင်း-ဒေါ်အမာ သား၊သမီး၊မြေး တစ်စုနှင့် ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာ မိသားစုတို့က ငွေကျပ်ဆယ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်ထံ ကွယ်လွန်သူ ဦးဘတင့် အား ရည်စူး၍ ဦးကျော်ဝင်းဒင်နှင့် ဒေါ်စန်းမြင့်သန်း မိသားစု၊ ကွယ်လွန်သူ ဦးမောင်မောင်(ခ) ဦးတင်ထွဋ်အား ရည်စူး၍ ဇနီး ဒေါ်ခင်တီတီ မိသားစုနှင့် နှစ်ဖက်မိဘများအား အမှူးထား၍ ဒေါက်တာကျင်ရီ-ဒေါ်အေးအေးခိုင် မိသားစုတို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးဘကြူ-ဒေါ်မကြီးတို့အား အမှူးထား၍ တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မမ မိသားစုက ငွေကျပ်ကိုးသိန်းနှင့် ဒေါက်တာကိုကိုကျော်စိုး၊ ဇနီး ဒေါ်ပွင့်ရည်သိမ်းမိသားစုက ငွေကျပ် ၈၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ လှသူဇာရတနာမိသားစု အင်းစိန်ဈေး ဒေါ်ရင်ရင်မေ၊ ဦးခင်မောင်မြင့်-ဒေါ်အုံးအုံးအောင် မိသားစုက ငွေကျပ် ၇၅၀၀၀၀၊ကွယ်လွန်သူ ဖခင်ကြီးဦးတင်အုန်းအား ရည်စူး၍ သား၊သမီးများဖြစ်ကြသော ဦးဌေးနိုင် ၊ဒေါ်သင်းသင်းလှိုင်၊ ဒေါ်သင်းသင်းမြိုင်၊ ဒေါ်သင်းသင်းကြိုင်၊ဒေါ်သင်းသင်းခိုင် နှင့်ဦးဝင်းနိုင်တို့က ငွေကျပ်ခြောက်သိန်း၊ နှစ်ဖက်မိဘများအား ရည်စူး၍ အဘွား ဒေါ်တင်မြင့်၊ အဘိုး ဦးခင်မောင်နှင့် ဆရာဦးအုန်းမြင့်- ဒေါ်သန်းသန်းမြင့် မိသားစုနှင့် ဒေါက်တာမင်းမင်းလှိုင်-မသန္တာ၊ ဒေါက်တာစိုးဝင်း-ဒေါက်တာသီသီသိန်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်ထံ Ivan Ho Family၊ ကွယ်လွန်သူ ဦးအေးနှင့် ဦးစိန်တို့အား ရည်စူး၍ ဒေါ်ရီရီသိန်းမိသားစု၊ ဦးသိုင်းဝင်း- ဒေါ်ဌေးဌေးညွှန့်(BTB)ကုမ္ပဏီ၊ ဦးထင်အောင်-ဒေါ်ယုဇနရှိန် မိသားစုနှင့် ဒေါ်ခင်လှမိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူထံ ဦးကုလားကြီး-ဒေါ်သီ ၊ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်အေး၊ ဦးသန်းဌေး- ဒေါ်ခင်ညိုညိုနှင့် မြောက်ဥက္ကလာပ အထက(၄) ဆရာ၊ ဆရာမများ၊ ဦးထွန်းအောင်-ဒေါ်ဝင်းဝင်းကြည်၊ မခင်ယုယုဝင်း၊ မောင်ကိုကိုဝင်းနှင့်

ဦးမြင့်မော် မိသားစု၊ ဦးကိုကိုလေး-ဒေါ်အေ
မိသားစု၊ ကွယ်လွန်သူ ဒေါ်လှကျင်အား ရည်စ
ကောက်-ဒေါ်တင်ကြည်(ရတနာထွန်း) မိသားစ
ဒေါ်ခင်ပြုံးဝင်း(ရွှေမိသားစု)နှင့် ဖခင် ဦးစိ
ရည်စူး၍ မိခင်ဒေါ်ကျင်ညွှန့် သား၊သမီး၊ မြေ
တို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်
သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိ
ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်ထံ ဒေါ်စန်
ဒေါ်ကြည်၊ ဒေါ်တင်ရီနှင့် ကွယ်လွန်သူ ဦးဝင်

ရည်စူး၍ ဒေါ်တင်ကြည် မိသားစု၊ဦးသန်းရွှေ
မိသားစု၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်းဆွေမိ
ဦးအုန်းတင့်၊ဒေါ်ဖြူဖြူတင့်၊မအေးအေးတင့်၊ ေ
တင့် နှင့် မသင်းသင်းတင့် မိသားစုတို့က
ငါးသိန်းစီ၊ ဗိုလ်မှူးဝင်းမြင့်-ဒေါ်နန်းစံခမ်း မိ
ငွေကျပ် ၄၅၀၀၀၀နှင့် နှစ်ဖက်မိဘများအား
ဦးမျိုးသန်း(အငြိမ်းစား)-ဒေါ်ခင်စန်းရီ တို့၏
အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်း

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိ
ဗိုလ်မှူးချုပ်ဝင်းစိန်ထံ ဦးတင်အောင်-ဒေါ်လှတင်
ငွေကျပ်သုံးသိန်း၊ အင်ဂျင်နီယာမှူးကြီးဦးသေ
ဒေါ်ပြုံးပြုံးကြည်မိသားစု၊ ဒေါ်နန်းမိုတစ် မိသာ
ဝင်း-ဒေါက်တာခင်ခင်အေးမိသားစုနှင့် ဦးလှဝင်
ဝင်းကြိုင်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စီတို့
လှူဒါန်းကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိ
ဗိုလ်မှူးချုပ်အောင်သိန်းထံ ဦးသိန်းဝင်း-ဒေါ်စန်
အမှူးထား၍ ဗိုလ်မှူးကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝ
ကျော်ဌေး-ဒေါ်စပယ်ဝင်း၊ ဒေါ်မဋ္ဌူဝင်း၊
ကျော်ဆန်းဝင်းမိသားစု၊ကွယ်လွန်သူမိဘများအာ
ဦးဇော်ဝင်း-ဒေါ်မေသက်ရီမိသားစု၊ ဦးကျင်သိ
ဒေါ်မိုးမိုးအေးမိသားစု၊ ဒေါက်တာဦးသိန်း-ေ
မြင့်မိသားစုနှင့် ကွယ်လွန်သူ မိဘများအား
ဦးဖိုးထူး-ဒေါ်တိုင်မိမိ မိသားစုတို့က ငွေကျပ်
စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသာ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်စည်ပင်သာယာ
ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းထ
မောင်-ဒေါ်ခင်ခင်စန်းမိသားစု၊ နှစ်ဖက်မိဘများ
ထား၍ ဦးခင်မောင်ဘို - ဒေါ်ကြည်ကြည်ဝင

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် အကျိုးတူလုပ်ငန်းများကလှူဒါန်းသော အလှူငွေ ကျပ် ၁၀၈ သိန်းကိုလက်ခံစဉ်။ (သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိရန် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် အလားအလာကောင်းများ တွေ့ရှိနေကြောင်း သိရှိရသည့်အတွက် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်။

အလှူရှင်များ၏ စေတနာနှင့် သဒ္ဓါအားမှာ မဖော်ပြနိုင်အောင်ကြီးမားလှ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုကို ကျေးဇူးတင်ဂုဏ်ပြု

ဦးမြင့်မော် မိသားစု၊ ဦးကိုကိုလေး-ဒေါ်အေးအေးနွယ် မိသားစု၊ ကွယ်လွန်သူ ဒေါ်လှကျင်အား ရည်စူး၍ ဦးစိန်ကောက်-ဒေါ်တင်ကြည်(ရတနာထွန်း) မိသားစု၊ ဦးမြစိုး-ဒေါ်ခင်ပြုံးဝင်း(ရွှေမိသားစု)နှင့် ဖခင် ဦးစိန်ဝှက်အား ရည်စူး၍ မိခင်ဒေါ်ကျင်ညွန့် သား၊သမီး၊ မြေး မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ် လှူဒါန်းကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်ထံ ဒေါ်စန်းစန်းလွင်၊ ဒေါ်ကြည်၊ ဒေါ်တင်ရီနှင့် ကွယ်လွန်သူ ဦးဝင်းဇော်အား

ရည်စူး၍ ဒေါ်တင်ကြည် မိသားစု၊ဦးသန်းရွှေ-ဒေါ်ဥမ္မာ မိသားစု၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်းဆွေမိသားစုနှင့် ဦးအုန်းတင့်၊ဒေါ်ဖြူဖြူတင့်၊မအေးအေးတင့်၊ မောင်မောင်တင့် နှင့် မသင်းသင်းတင့် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဗိုလ်မှူးဝင်းမြင့်-ဒေါ်နန်းစံခမ်း မိသားစုက ငွေကျပ် ၄၅၀၀၀၀နှင့် နှစ်ဖက်မိဘများအား ရည်စူး၍ ဦးမျိုးသန်း(အငြိမ်းစား)-ဒေါ်ခင်စန်းရီ တို့၏ မွေးနေ့ အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်ထံ ဦးတင်အောင်-ဒေါ်လှတင်မိသားစုက ငွေကျပ်သုံးသိန်း၊ အင်ဂျင်နီယာမှူးကြီးဦးသောင်းဟန်-ဒေါ်ပြုံးပြုံးကြည်မိသားစု၊ ဒေါ်နန်းမိုတစ် မိသားစု၊ ဦးတင်ဝင်း-ဒေါက်တာခင်ခင်အေးမိသားစုနှင့် ဦးလှဝင်း-ဒေါ်ဝင်းဝင်းကြိုင်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ဦးသိန်းဝင်း-ဒေါ်စန်း ရီတို့အား အမှူးထား၍ ဗိုလ်မှူးကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း၊ ဦးဝင်းကျော်ဌေး-ဒေါ်စပယ်ဝင်း၊ ဒေါ်မဠူဝင်း၊ ဗိုလ်ကြီးကျော်ဆန်းဝင်းမိသားစု၊ကွယ်လွန်သူမိဘများအား ရည်စူး၍ ဦးဇော်ဝင်း-ဒေါ်မေသက်ရီမိသားစု၊ ဦးကျင်သိန်းနှင့် ဇနီး ဒေါ်မိုးမိုးအေးမိသားစု၊ ဒေါက်တာဦးသိန်း-ဒေါ်ခင်ဌေးမြင့်မိသားစုနှင့် ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးဖိုးထူး-ဒေါ်တိုင်မိမိ မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းထံ ဦးအုန်းမောင်-ဒေါ်ခင်ခင်စန်းမိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးခင်မောင်ဘို - ဒေါ်ကြည်ကြည်ဝင်းမိသားစု၊ ကွန်ပျူတာတက္ကသိုလ်မှ စေတနာရှင်လူငယ်များ၊ ဗိုလ်မှူးအောင်ကျော်နှင်း-ဒေါ်မော်မော်ထွန်းမိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဒေါက်တာသိုက်ထွန်း-ဒေါက်တာတင်တင်လေးမိသားစုနှင့် ကွယ်လွန်သူမိဘများနှင့် အစ်မတို့အားရည်စူး၍ ဦးခင်ဇော်-ဒေါ်နီလာဝင်း မိသားစုတို့က ငွေကျပ်၂၅၀၀၀၀စီ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ ဦးမြတင်-ဒေါ်သန်းသန်းတင် သားသမီးမြေးတစ်စု၊ နှစ်ဖက်အဘိုး၊ အဘွား၊ ဖခင်၊ မိခင်တို့အားအမှူးထား၍ သားလူသင်ယွင်း၊ နှစ်ဖက်ဘိုးဘွားနှင့် ဖခင်ဦးဖိုး၊ မိခင်ဒေါ်လွမ်းတို့အားရည်စူး၍ သားသမီးများ၊ ဗိုလ်မှူးအုန်းစိန်(အငြိမ်းစား)-ဒေါ်လှလှသိန်းမိသားစု၊ ဦးမောင်မောင်သန်း-ဒေါ်ခင်ထားရီမိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ကိုစိုးထွန်း-မမြကြေးမုံမိသားစုနှင့်နှစ်ဖက်မိဘများအားအမှူးထား၍ ဦးဌေးအောင်-ဒေါ်ညွန့်ညွန့်ရီမိသားစုတစ်စုတို့က ငွေကျပ်၂၅၀၀၀၀စီ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်အလှူရှင်များကိုယ်စား အလှူရှင်ဆရာဦးတင်မောင်ဝင်းက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ရေအကျိုး ၁၀ ပါး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော ဒသမအကြိမ်မြောက် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အလှူရှင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းပြည့်ဝပါစေကြောင်းနှင့် ရေအကျိုး ၁၀ပါး ဆုမတောင်းဘဲ ရရှိပါစေကြောင်း ဆုတောင်းအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ၊ တောင်ပေါ်နှင့် မြေပြန့်၊မြို့ပြနှင့်ကျေးလက်ပါမကျန် တစ်နိုင်ငံလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခုဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ပြီး ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းအများစုနေထိုင်လျက်ရှိသည့် ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းများအဖြစ် တာဝန်ပေးအပ်ထားပါကြောင်း။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာများအပါအဝင် ပြည်နယ်၊တိုင်းများတွင် ကျေးရွာပေါင်း ၂၃၂၂၅ရွာတို့အား သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို စာရင်းကောက်ယူရရှိခဲ့ပါကြောင်း။

အပူပိုင်းဒေသမိုးနည်းရပ်ဝန်းဒေသများတွင် နှစ်စဉ်မိုးရေချိန် ၃၉လက်မအောက်သာ မိုးရွာသွန်းမှုရှိ၍ နွေအခါတွင် ရေရရှိရေးအတွက် အဓိက ရင်ဆိုင်ဖြေရှင်းနေရပြီး လူမှုဒုက္ခများကို ကြုံတွေ့နေကြရကြောင်း။

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နွေအခါတွင်မနက်မိုးမလင်းမီကတည်းကပင် ၄၊၅မိုင်ခရီးသွားရောက်၍ ရေတစ်စည်၊ တစ်ထမ်းရရှိရေးအတွက် နေ့စဉ်လုံးပန်းနေခဲ့ကြရကြောင်း၊ ရေရရှိရေးအတွက် နေ့တစ်ဝက်ခန့် အချိန်ကုန်ဆုံးခဲ့ရပြီး စားသောက်နေထိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းကို ကောင်းမွန်စွာ မဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ရေရှားပါးမှုကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်း၊ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် အခြားရောဂါများ ဖြစ်ပွားတာကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေးရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများမှ လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလ စတင်သည့် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၄-၂၀၀၅ နှစ်ကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၁၅၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၍ ၈၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူ ရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းကူညီမှု၏အကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော ပြည်နယ်/တိုင်းများတွင်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များကဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၇၁၅၂ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အလားအလာကောင်း

ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိရန် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် အလားအလာကောင်းများ တွေ့ရှိနေကြောင်း သိရှိရသည့်အတွက် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင်ခုနစ်မြို့နယ်၊မကွေးတိုင်းတွင်ခုနစ်မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁မြို့နယ်၊ စုစုပေါင်း ၂၅မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှတစ်ဆင့် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးအတွက် ဆက်လက်တိုးမြှင့် ဆောင်ရွက်ကြရန်ကိုလည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း။

ပထမအကြိမ်မှ နဝမအကြိမ်ထိ အလှူရှင်၁၃၃၅ဦးက လှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၀၅၃၀ ဒသမ ၆၇၄၁ သိန်း၊ US$ ၇၀၂၅၂၊ EURO ၇၇၀ နှင့် FEC ၁၀၀၁၂ တို့ လှူဒါန်းခဲ့သကဲ့သို့ ယခုဒသမအကြိမ်တွင်လည်း အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀ ကျော်နှင့် US$ ၄၀၀၀ လှူဒါန်းထားကြောင်း သိရှိရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်၊ ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စေတနာရှင် အလှူရှင်များ ကြည်နူးပီတိပွားများနိုင်အောင် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်း အသိပညာပေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားလိုကြောင်း။

အလှူရှင်များ၏လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာနှင့် သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားလှပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုများကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည်အလှူရှင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သည့်အလှူရှင်များအပါအဝင် အလှူရှင် ၁၈၀ တို့၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၀၈, ၅၇၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀၀ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝ စိုက်ပျိုးရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုထက် ပိုလျှံ

❒ လယ်ယာစိုက်ပျိုးရေးမှ

အထူးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် မန္တလေးမြို့၌ ကျင်းပသည့် ယခုကဲ့သို့ အရေးပါသောအစည်းအဝေး၌ ကြိုဆိုနှုတ်ခွန်းဆက်ပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်မိကြောင်းကို ပြောကြားလိုကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ ဤအထူးအစည်းအဝေးသို့ တက်ရောက်ကြသည့်အတွက် တန်ဖိုးရှိသောရလဒ်များ ပေါ်ထွန်းမည်ဟု ယုံကြည်မိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးတို့အနေဖြင့် မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက်မင်းများ၏ အထိမ်းအမှတ်အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်းပတ်ကြည့်ရှု လေ့လာခွင့်ရရှိကြမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းသည် အဓိကအားဖြင့် စိုက်ပျိုးရေးကို အမှီပြုသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရင်း ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ရှေးမြန်မာမင်းများလက်ထက်ကတည်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မန္တလေးတိုင်း၌ ဆည်မြောင်းတာတမံစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ကြပါကြောင်း၊ မန္တလေးတိုင်း၏ နေရာအများစုသည် မိုးရေချိန်နည်းပါးစွာသာရရှိကြသော်လည်း တည်ဆောက်ထားသည့် ဆည်မြောင်းတာတမံများက လောလောဆယ်တွင် အထောက်အကူပြုလျက်ရှိပါကြောင်း၊ ရလဒ်အနေဖြင့် စပါး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဝါ၊ သကြား၊ ကော်ဖီ၊ လက်ဖက်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီး အစရှိသည့် သီးနှံမျိုးစုံကို ၁၅၂ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး သီးထပ်စိုက်ပျိုးနိုင်ပြီဖြစ်ပါကြောင်း။

ဒေသတွင်း ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရန်အတွက် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များကိုတည်ဆောက်လျက်ရှိပါကြောင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ရှိသည့်အတွက် တစ်နိုင်ငံလုံးမှ မော်တော်ကားလမ်းနှင့် မီးရထားလမ်းများဖြင့် ကွန်ရက်သဖွယ် ဆက်သွယ်ထား၍ ကုန်စည်များကို နိုင်ငံအတွင်း ဒေသအသီးသီးသို့ သယ်ယူပို့ဆောင်နိုင်သည်သာမက တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများကိုပါ တိုးမြှင့်နိုင်ပြီဖြစ်ကြောင်း။

ဤအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးအားလုံး မန္တလေးမြို့၌ သာယာပျော်ရွှင်စွာ နေနိုင်ပါစေကြောင်းကို ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ၏စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအတွက်မူ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျနေဆဲဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှဒေသ၌ဆိုလျှင် မြန်မာနိုင်ငံသည် ကျယ်ပြန့်ပြီး သယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များသည် ပြည်တွင်းစားသုံးမှုထက် ပိုလျှံသည့်အတွက် ပိုလျှံမှုများကို အရန်ရိက္ခာအဖြစ်ထားနိုင်ပြီး နိုင်ငံခြားသို့ တင်ပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနှင့် ဒေသစားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်ကတိပြုပြီးဖြစ်ကြောင်း၊ ဦးစားပေး ဆောင်ရွက်နေဆဲလည်းဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးကို ၁၉၈၈ ခုနှစ်တွင် စတင်ကျင့်သုံးကတည်းကစပြီး မြန်မာနိုင်ငံသည် စားနပ်ရိက္ခာကဏ္ဍ ပုံမှန်တိုးတက်မှုကို ထိန်းသိမ်းလျက်ရှိပါကြောင်း၊ စပါးနှင့် အခြားသီးနှံများကို သီးထပ်စိုက်ပျိုးခြင်းအားဖြင့် စဉ်ဆက်မပြတ် တိုးတက်ထုတ်လုပ်လျက်ရှိပါကြောင်း၊ ဤကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသည် ဒေသတွင်း သီးနှံပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှုကိုအလေးထားပြီး ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ရေအရင်းအမြစ်

သီးနှံအထွက်တိုးရန်အတွက် ရေအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချရေးသည် အဓိကကျပါကြောင်း၊ အစိုးရသည် နိုင်ငံတစ်နံတစ်လျား၌ရှိသည့် ဆည်မြောင်းတာတမံများကို အဆင့်မြှင့်တင်ရန်အတွက် အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၁၀စုနှစ်အတွင်း၌ ဆည်မြောင်းတမံ အသေး၊ အလတ်၊ အကြီး စုစုပေါင်း ၁၇၆ခုကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ သီးနှံစိုက်ပျိုးရန် လုံလောက်သည့် မိုးရေချိန်မရရှိသော အပူပိုင်းဒေသများအနက် အများစုသည် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၈၈-၈၉မှ ယနေ့အထိ မြစ်ရေတင်စီမံကိန်း ၂၇၁ခုကို အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် ၁၀နှစ်အတွင်း ရလဒ်အနေဖြင့် သီးထပ်စိုက်ပျိုးမှုသည် ၁၂၀ရာခိုင်နှုန်းမှ ၁၅၀ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး အသားတင် ရေသွင်းစိုက်ပျိုးဧရိယာသည် ၁၂ဒသမ၅ရာခိုင်နှုန်းမှ ၁၉ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါကြောင်း၊ ဤစီမံကိန်းများသည် နိုင်ငံတော်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စားနပ်ရိက္ခာဖူလုံမှုနှင့် ဒေသတွင်းလိုအပ်ချက်များကို တိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း။

မွေးမြူရေး

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုနိုင်မှု၌ အဆင့် "လေး"နေရာတွင်ရှိပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၉ ဒသမ ၁ရာခိုင်နှုန်း ရှိပါကြောင်း၊ မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့ တင်ပို့မှုမရှိသလောက်နီးပါး ဖြစ်သော်လည်း ငါး၊ ပုစွန်များကိုမူ နိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက်ရှိပါကြောင်း၊ လောလောဆယ်တွင် တန်ဖိုးမြှင့်ထွက်ကုန်ပြုပြင်သော အထောက်အကူပြုပစ္စည်း မလုံလောက်မှုကြောင့် ငါး၊ ပုစွန်များကို အရှင်လိုက်သော်လည်းကောင်း၊ အအေးခံ၊ ရေခဲရိုက် စသည်ဖြင့်လည်းကောင်း ကုန်ကြမ်းအတိုင်း တင်ပို့ရလျက်ရှိပါကြောင်း၊ ၁၀နှစ်တာကာလအတွင်း ငါးထွက်ကုန်တင်ပို့နိုင်မှုသည် တန်ဖိုးအားဖြင့် ခြောက်ဆမျှ တိုးတက်လာခဲ့ပါကြောင်း၊ ထို့အတူပင် ဈေးကွက်စီးပွားရေးကျင့်သုံးနိုင်မှုကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် သိသိသာသာ တိုးတက်ခဲ့ပြီးဖြစ်ပါကြောင်း။

သစ်တောကဏ္ဍ

ယခု မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍကို အနည်းငယ်ပြောကြားလိုကြောင်း၊ သစ်တောသယံဇာတသည် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နိုင်ငံတော်၏ ထက်ဝက်ကျော်သည် သစ်တောများအဖြစ် တည်ရှိသဖြင့် အာရှနှင့်ပစိဖိတ်ဒေသ၌ အကြီးဆုံး

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ အစည်းအဝေး တက်ရောက်လာကြသော အာဆီယံနိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ထက်ဝက်ကျော်သည် သစ်တောများဖြစ် သဘာဝသစ်တောများကို ကာကွယ်ထိန်းသိမ်းထား

သစ်တောဖုံးလွှမ်းသည့်ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်အခြေအနေအားလုံးတွင် ထိန်းသိမ်းနိုင်ရေးနှင့် အခြေအနေတစ်ရပ်လုံးအတွင်း ထိရောက်မှုရှိရန် ၁၉၅၅ခုနှစ်က မြန်မာ့သစ်တောမူဝါဒကို ချမှတ်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားရေးသစ်တောဆိုင်ရာ မဟာစီမံကိန်းတစ်ရပ် ချမှတ်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်း၌ မြန်မာနိုင်ငံ၏ အလယ်ပိုင်း အပူပိုင်းဇုန် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောကဏ္ဍအားလုံးအတွက် ပါဝင်ပါကြောင်း၊ လိုအပ်သော မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်စွဲစာအုပ်များကိုလည်း ပြုပြင်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

၁၉၉၄ ခုနှစ်မှ ယနေ့အထိ သစ်တောဧရိယာ ဟက်တာ သုညဒသမ ၁၀၉ သန်း တည်ထောင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဟက်တာ သုညဒသမ ၄၄၅သန်းခန့်သော သဘာဝသစ်တောများကို ကောင်းစွာကာကွယ် ထိန်းသိမ်းထားလျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် ဒေသဆိုင်ရာ ကနဦး အကောင်အထည်ဖော်မှုများနှင့် နည်းလမ်းများမှတစ်ဆင့် သစ်တောကဏ္ဍ စီမံခန့်ခွဲမှုကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရန် ကတိပြုထားကြောင်း၊ စဉ်ဆက်မပြတ် သစ်တောကဏ္ဍ စီမံခန့်ခွဲမှု၊ စွမ်းရည်တည်ဆောက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ အာဆီယံ သစ်တောထွက်ကုန်ပစ္စည်းကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုတို့အပါအဝင် ကဏ္ဍအသီးသီး၌ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ကိုယ်စားလှယ်တော်ကြီးများအား ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်၏ မဟာဗျူဟာကျသော အချက်ကို အလေးထားလျက် အနာဂတ်စီမံချက်များ ချမှတ်ရန်၊ လက်ရှိပြဿနာများ၊ အခက်အခဲများကို ဖြေရှင်းခြင်းမှတစ်ဆင့် တိကျသော Plan of Action ချမှတ်ရေးကို တိုက်တွန်းလိုကြောင်း။

အာဆီယံစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဤအစည်းအဝေးက တိကျသောရလဒ်များ ထွက်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

ကိုယ်စားလှယ်တော်ကြီးများအားလုံးအတွက် အကောင်းဆုံးရလဒ်များ ထွက်ပေါ်စေရန်နှင့် မန္တလေးမြို့တွင် သာယာပျော်ရွှင်စေရန် ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်းနှင့် ဤအစည်းအဝေးကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အာဆီယံနိုင်ငံများ၏ အဆင့်မြင့် အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အထူးအစည်းအဝေးခန်းမ အပြင်ဘက်၌ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အထူးအစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး

မန္တလေးမြို့

၂၀၀၅ခုနှစ် ဇူလိုင် ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရဲနွယ် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ စစ်ဆေး ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် မြန်မာ့လျှပ်စစ် ဓာတ်အား လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အတွင်း တည်ဆောက်မည့် နမ်ချိုချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်း၏ တမံအူကြောင်းနှင့် ရေလွှဲဥမင် တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၊စီမံကိန်းချဉ်းကပ်လမ်း ဖောက်လုပ် ပြီးစီးမှုအခြေအနေ၊အရှည်ပေ ၆၀ရှိ နမ်ချိုချောင်းကူးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

နမ်ချိုချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ပေါင်းလောင်းမြို့နယ်တွင် တည်ဆောက်ပြီးဖြစ်သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၏ အထက်ဘက် ပေါင်းလောင်းမြစ်အတွင်း စီးဝင်သော နမ်ချိုချောင်းပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ပြီး ပဏာမစူးစမ်းတိုင်းတာမှုများအရ လျှပ်စစ်ဓာတ်အား ၄၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ပင်မ ဓာတ်အားထိန်းချုပ်ခန်း၌ ဓာတ်အားပေးစက်များ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ ဓာတ်အားထိန်းချုပ်ခန်းရှိ စက်ခလုတ်ခုံများ၊ ဓာတ်အားခွဲရုံနှင့် ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ တမံအတွင်း ရေဝင်ရောက်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့၏ အနောက်တောင်ဘက်ကိုးမိုင်ခန့်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး စက်ယန္တရားများဖြင့် ဇုန်နယ်အလိုက် မြေဖို့ဆောင်ရွက်နေမှု၊ ရေပိုလွှဲတည်ဆောက်နေမှု၊ ဆောင်ရွက်ပြီးစီးနေသည့် ရေလွှဲ ရေထုတ်ပြွန်၏ ရေထိန်းမျှော်စင်သို့ ချဉ်းကပ်တံတား၊ ဖိအားမြှင့်သံမဏိ ပိုက်လိုင်းနှင့် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)တို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရေးအတွက် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ကျောက်တံခါးမြို့နယ်၌ တည်ဆောက်လျက်ရှိသော ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ရေယူဥမင်လိုဏ်အထွက်နှင့် ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့နယ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံမြေသားဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းမှ တာဝန်ရှိသူများအား ဌာနအချင်းချင်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေး၊ မိမိတို့ဌာနက တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီအောင် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ရေး၊ မိုးတွင်းကာလအတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တွန်းအားပေး၍ ဆောင်ရွက်ကြရေး၊ ယာဉ်နှင့်စက်ယန္တရားများကို စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ စက်သုံးဆီ၊ ဘိလပ်မြေနှင့် သံချောင်းများ အလေအလွင့်နည်းပါးရေး၊ ခြိုးခြံချွေတာ ရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ဝန်ထမ်းများ ကျန်းမာရေးနှင့် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဒုတိယရဲအုပ်လောင်းသင်တန်းဆင်းပွဲကျင်းပ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၂)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်) ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုနှင့် စစ်ပညာထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၅၁) ဒုတိယရဲအုပ်လောင်း တင်မင်းလှိုင်၊ ဥပဒေထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၅၇) ဒုတိယရဲအုပ်လောင်းမျိုးနိုင်၊ သေနတ်ပစ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၁၃) ဒုတိယရဲအုပ်လောင်း အောင်နိုင်အေးတို့အား ဆုများကို ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၃ဦးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်၏ ပဓာနနာယက ဓမ္မာစရိယ ဒီဃဘာဏက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိမလ ရေးသားတော်မူအပ်သော စာချတန်းလက်စွဲ နိရုတ္တိကြေးမုံ ကျမ်းစာအုပ်များကို ဇူလိုင် ၁၅ရက်က ကျောက်ပန်းတောင်းမြို့ ဓမ္မသုခကျောင်းတိုက်သို့ ပေးပို့လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တကေသဝ က လက်ခံရယူသည်။

(က-ပ)

ဗိုလ်တထောင်စေတီတော်၌ တရားတော်များ ဟောကြားတော်မူမည်

ရန်ကုန် ဇူလိုင် ၂၆

၁၃၆၇ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်၊ ဇူလိုင် ၂၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမန အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကန့်ဘလူ-ကျွန်းလှကားလမ်း မိုင်တိုင်အမှတ် ၁၇/၁ အနီးရှိ ယာခင်းအတွင်းတွေ့ရသော တူးဖော်ဆဲ အင်ကြင်းကျောက်တုံး တူးဖော်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောစိုက်ခင်းများစစ်ဆေး အင်ကြင်းကျောက်တုံးကြီးတူးဖော်မှုလုပ်ငန်းကြည့်ရှုမှာကြား

ရန်ကုန် ဇူလိုင် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၃ရက်မှ ယနေ့အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် သစ်တောစိုက်ခင်းများ တည်ထောင်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၂၃ရက်တွင် မန္တလေး-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ်(၃၃/၁)နှင့် (၃၅/၅)တို့သို့ ရောက်ရှိ၍ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ၌ သစ်ပင်များစိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးမှု အခြေအနေများနှင့်စိုက်ခင်းများအတွက် ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကန့်ဘလူ-ကျွန်းလှကားလမ်းမိုင်တိုင်အမှတ်(၁၇/၁)အနီးရှိ ယာခင်းအတွင်းမှ တွေ့ရှိရသော တူးဖော်ဆဲ အင်ကြင်းကျောက်တုံးနေရာသို့ ရောက်ရှိ၍ တူးဖော်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး မှာကြားသည်။

အဆိုပါ အင်ကြင်းကျောက်တုံးကြီးကို ကန့်ဘလူမြို့အနီး ယာခင်းအတွင်း ထွန်ယက်ရာမှ စတင်တွေ့ရှိခဲ့ရာ ယနေ့အထိ အရှည်ပေ ၁၅၀ခန့်တူးဖော်ရရှိပြီးဖြစ်သည်။ ကျောက်တုံးကြီး၏ အရှည်ပေ ၅၀ခန့်တွင် ခါးလယ်လုံးပတ်ကို တိုင်းတာရာ ၁၁ပေ ရှစ်လက်မခန့်ရှိပြီး သက်တမ်းမှာ နှစ်သန်းပေါင်း ၁ ဒသမ ၂သန်းမှ ၁ ဒသမ ၈ သန်းခန့် ရှိနိုင်ကြောင်းသိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ကန့်ဘလူမြို့နယ် စံပါယ်နံ့သာကြိုးဝိုင်း အကွက်အမှတ်(၂၂)ရှိ ၁၉၉၆-၉၇ခုနှစ် ကျွန်း စိုက်ခင်းဧက ၅၀ သစ်စေ့ထုတ် ဧရိယာသို့ရောက်ရှိရာ တာဝန်ရှိသူများက နှစ်အလိုက် သစ်စေ့စုဆောင်းရရှိမှုနှင့် စိုက်ခင်းကာကွယ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စနစ်တကျစုဆောင်းပျိုးထောင်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်ရေစကြိုမြို့နယ် ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်း အခြေစိုက် ကွပ်ကဲရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ပခုက္ကူခရိုင်အတွင်းရှိ ရှင်မတောင်၊ကျောက်ဆင်တောင်၊ ဝက်မတောင်၊ တန့်ကြည့်တောင်နှင့် ရွှေပုံတောင် တောင်တန်းများစိမ်းလန်းစိုပြည်ရေးအတွက် သဘာဝတောများထိန်းသိမ်းထားရှိမှု၊ ကွက်လပ်ဖြည့်စိုက်ပျိုးမှု၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရှင်မတောင်ဒေသ၏ ပင်မတောင်တန်းကြီးရှိ သဘာဝတောထိန်းသိမ်းမှု၊ စိုက်ပျိုးမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် ဝန်းကျင်ရှိ တောင်ကုန်းများတွင် အပင်ကြီးများဖြင့် ဖြည့်တင်းစိုက်ပျိုးသွားရန် မှာကြားကာ ရှင်မတောင်ပေါ်မှ သစ်တောများဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း သန်လျင်မြို့ရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း သန်လျင်အထည်ချုပ်စက်ရုံ အမှတ်(၁၈)သို့ ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ပြီး ချုပ်ပြီးအထည်များနှင့် သက်န်းများကိုလည်းကောင်း၊ ခြင်ထောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် စက်ရုံအတွင်း ချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တီထွင်ထုတ်လုပ်ထားသော စက်ရုံထုတ် အမျိုးသမီးဝတ် အင်္ကျီများ၊ အမျိုးသားဝတ်အင်္ကျီများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကဏ္ဍတစ်ခုချင်းအနေဖြင့် သုံးသပ်တွက်ချက်၍ ရာသီအလိုက် တိုးတက်ထုတ်လုပ်သွားရန် အစီအမံထား ဆောင်ရွက်သွားရေး၊ ထုတ်ကုန်များ၏ အရည်အသွေး ကောင်းမွန်ရန် ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် မြန်မာ့အထည်အလိပ်လုပ်ငန်း သန်လျင်အထည်ချုပ် စက်ရုံအမှတ်(၁၉)သို့ ရောက်ရှိပြီး စက်ရုံထုတ် ဖလန်ထည်အင်္ကျီများ၊ ဝိနည်းတော်နှင့်အညီ ထုတ်လုပ်ထားသော သင်္ကန်းများကိုလည်းကောင်း၊ တီထွင်ထုတ်လုပ်ထားသည့် အမျိုးသမီးဝတ်အင်္ကျီများ၊ အမျိုးသား ဝတ်အင်္ကျီများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ဒုတိယဝန်ကြီးတို့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းမှု စက်မှုလုပ်ငန်း ဖိနပ်စက်ရုံအမှတ်(၂)သို့ ရောက်ရှိပြီး ဝန်ကြီးက ဘေးထွက်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုသွားရေး မှာကြားကာ တပ်ဆင်ရေးဌာနရှိ စက်အသစ်များ တပ်ဆင်ပြီးစီးမှုနှင့် စက်ဘီးကျွတ်များ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုသည်။

ထို့နောက်ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက္ကူထုပ်ပိုးပစ္စည်း စက်ရုံ(သန်လျင်)သို့ ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်သည့် ထုပ်ပိုးစာရွက်များနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ စက်သစ်ကြီးများ တပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် ယင်းစက်သစ်ကြီးများဖြင့် လှိုင်းတွန့်စက္ကူများ ထုတ်လုပ်မှု လုပ်ငန်းများကို လည်းကောင်း၊ ထုတ်လုပ်ပြီး ထုပ်ပိုးစက္ကူပစ္စည်းများကို လည်းကောင်း၊ ထုပ်ပိုးပစ္စည်းများအား ပုံနှိပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး ဒုတိယဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ပလတ်စတစ် ထုပ်ပိုးပစ္စည်းစက်ရုံနှင့် ပလတ်စတစ်စက်ရုံ (သန်လျင်)သို့ ရောက်ရှိပြီး လျှပ်စစ်စက်ဘီး၌ လိုအပ်သော အပိုပစ္စည်းများ ထုတ်လုပ်သည့် စက်တပ်ဆင်ထားမှု အခြေအနေနှင့် ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်စက်ဘီးရှိ ဘက်ထရီထည့်ရန် ထုတ်လုပ်ပြီး အပိုပစ္စည်းများကို လည်းကောင်း ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင်ဖန်ချက်စက်ရုံရှိ ဆိုဒီယမ် ဆီလီကိတ်စက်ရုံသို့ ရောက်ရှိပြီး အသစ်ပြုပြင်ပြီး မီးဖိုကို လည်းကောင်း၊ ဆပ်ပြာထုတ်လုပ်ရာ၌ အသုံးပြုသော ဆိုဒီယမ် ဆီလီကိတ် ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သန်လျင် ဖိနပ်စက်ရုံ အမှတ်(၂)တွင် ရော်ဘာကြိတ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)



ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၂၆၅)ရှိ ပျဉ်းမနားအသင်းတိုက်၌ ကျင်းပရာ အသင်းနာယက ဦးလှမြင့်ဦးနှင့် အသင်းဥက္ကဋ္ဌ ဦးအေးလွင်တို့က ပျဉ်းမနားဆရာတော် ဘဒ္ဒန္တဉာဏိန္ဒလင်္ကာရထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် သီရိမင်္ဂလာ ဓမ္မဗျူဟာဓမ္မာရုံတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ(သရက်)အား အမှူးထား၍ ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပစဉ်။ (က-ပ)

မလေးရှား တံခွန်စိုက်မြားပစ်ပြိုင်ပွဲ မြန်မာ ရွှေ(၅)၊ ငွေ(၇)၊ ကြေး(၆)ရရှိ

ရန်ကုန် ဇူလိုင် ၂၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ ပွဲစဉ်များအပြီးတွင် မြန်မာမြားပစ် အားကစားအဖွဲ့သည် ရွှေ ငါးခု၊ ငွေ ခုနစ်ခုနှင့် ကြေး ခြောက်ခု ဆွတ်ခူးရရှိသည်။

ဇူလိုင် ၂၃ ရက်က ယှဉ်ပြိုင်သော ပွဲစဉ်များ၌ ထွန်းလင်းအောင်က အမျိုးသား Recurve မီတာ ၅၀ တစ်ဦးချင်း ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ညီညီထွန်းက အမျိုးသား Recurve မီတာ ၅၀ တစ်ဦးချင်း ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ အမျိုးသား Recurve မီတာ ၃၀ တစ်ဦးချင်း ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ပေါ်ဦးက အမျိုးသား Compound မီတာ ၃၀ တစ်ဦးချင်း ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ထွန်းလင်း အောင်က အမျိုးသား Recurve မီတာ ၃၀ တစ်ဦးချင်း ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ကေသီက အမျိုးသမီး Compound မီတာ ၃၀ တစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိကြသည်။

ဇူလိုင် ၂၄ ရက်က ယှဉ်ပြိုင်သော ပွဲစဉ်များ၌ ဇော်ဝင်းထိုက်က အမျိုးသား Recurve မီတာ ၇၀ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ဇော်မင်းထွန်းက အမျိုးသား Recurve မီတာ ၇၀ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ပေါ်ဦးက အမျိုးသား Compound မီတာ ၇၀ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ကေသီက အမျိုးသမီး Compound မီတာ ၇၀ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိကြပြီး ဇူလိုင် ၂၅ ရက် ပြိုင်ပွဲနောက်ဆုံးနေ့က ယှဉ်ပြိုင်သော ပွဲစဉ်များ၌ အမျိုးသမီး Compound အသင်းလိုက်ပြိုင်ပွဲ၌ ငွေတံဆိပ် တစ်ခု၊ အမျိုးသား Recurve အသင်းလိုက်ပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။ (ကြေးမုံ)

ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ဘောလုံးပွဲများ မြဝတီရုပ်/သံမှ ပြမည်

ရန်ကုန် ဇူလိုင် ၂၆

မြဝတီရုပ်မြင်သံကြားနှင့် Yangon Entertainment တို့ ပူးပေါင်း၍ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကို ဇူလိုင် ၂၃ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Yangon Entertainment မှ တာဝန်ရှိသူများက ဩဂုတ် ၁၃ရက်မှ စတင်၍ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့များတွင် မြဝတီရုပ်မြင်သံကြားမှ ည ၈နာရီသတင်းများ ထုတ်လွှင့်ပြီးချိန်၌ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ဘောလုံးပွဲစဉ်များကို တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

Yangon Entertainment သည် မြန်မာနိုင်ငံတွင် မြဝတီရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ၊ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ဘောလုံးပွဲစဉ်များ၊ နိုင်ငံတကာလက်ဝှေ့ပွဲများ စသည့် အားကစားပြိုင်ပွဲ အစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့်နေသည့် Entertainment Company တစ်ခုဖြစ်ပြီး ဆက်လက်၍လည်း ကာတွန်းဇာတ်လမ်းတွဲများနှင့် နိုင်ငံခြားဇာတ်လမ်းတွဲများကိုမြဝတီရုပ်မြင်သံကြားနှင့် ပူးပေါင်းတင်ဆက် ထုတ်လွှင့်ပြသသွားရန် စီစဉ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အမှတ်(၄၀) ၆၇ လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၄၀၀၂ နှင့် ဖက်(စ်)နံပါတ်-၂၉၆၉၂၈၊ GPO Box. ၁၆၂ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားနှင့် Yangon Entertainment တို့ ပူးပေါင်းကျင်းပသည့် ဘောလုံးပွဲစဉ်များတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပွဲတွင် Yangon Entertainment အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်တင်တင်သက် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာ မြနန္ဒာ(၅)လမ်းထိပ်ရှိ မိုးကုတ်ဝိပဿနာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်နေ့တိုင်း နံနက် ၇နာရီမှ ညနေ ၅ နာရီအထိ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်အရှင်သူမြတ်နှင့် နယ်လှည့်ဓမ္မကထိကများဖြစ်ကြသော ဆရာကြီး ဒေါက်တာဦးကျော်မြင့်နှင့် သီလရှင်ဆရာမကြီး ဒေါ်ဝိမလစာရီတို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း အခမဲ့ ဖွင့်လှစ်သွားမည်ဖြစ်ရာ ဖုန်းအမှတ်-၀၁-၆၈၃၅၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (၆၁)

အင်ဂျင်နီယာဘွဲ့ရများ ဆရာကန်တော့မည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာ မဟာဌာန (ယခင်လိပ်ခုံး၊ ပြည်လမ်း) မှ ၁၉၅၉-၆၀ တွင် B.Sc.Engg (Civil)ဖြင့် ဘွဲ့ရရှိခဲ့သူများ ပြန်လည်တွေ့ဆုံ၍ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ အင်ဂျင်နီယာကျောင်းသားဟောင်းများအနေဖြင့် ဦးဘရွှေ (ဆောက်လုပ်ရေး ရေ-သန့်) ဖုန်း-၀၉၉၉-၂၄၇၁၃၊ ၅၄၅၆၀၅၊ ၅၆၃၅၇၄ (အိမ်)ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ ဖခင်ကြီး ဦးသက်လွင်(ခ) ချောင်ဘင်ဟွီး အားရည်စူးပြီး မိခင်ကြီး ဒေါ်တင်ရီ(ခ) လင်ယုံကြည် အမှူးထား၍ သားသမီးများနှင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်း၍ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာသင်ခန်းမဆောင်(၃)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြား၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြား ရေးရာဌာနဌာနကြီးမှူးဒေါ်ကြည်ကြည် ဝင်းကဟောပြောပွဲ အဖွင့်အမှာစကား ပြောကြားသည်။ဆက်လက်၍ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊အတတ်ပညာရှင်အဖွဲ့ဝင် ရန်ကုန်ပညာရေးတက္ကသိုလ်အငြိမ်းစား ပါမောက္ခ ဒေါက်တာမတင်ဝင်းနှင့် ပရိသတ်များအား မိတ်ဆက်ပေး၍ ဒေါက်တာမတင်ဝင်းက **"ရှေးဟောင်း တက္ကသိုလ်များမှ ဆင်းသက်လာသော ကောင်းမြတ်သည့် အစဉ်အလာ"** ခေါင်းစဉ်ဖြင့် ဟောပြောသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသောဟောပြော ပွဲကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာသင်ခန်းမဆောင်(၃)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အသိပညာရှင်၊ အတတ် ပညာရှင်အဖွဲ့ဝင်၊ ရန်ကုန်ပညာရေး တက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာမတင်ဝင်းက ရှေးဟောင်း တက္ကသိုလ်များမှ ဆင်းသက်လာ သောကောင်းမြတ်သည့် အစဉ် အလာ ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။
(ခရိုင်/ပြန်ဆက်)

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပညာရေးမိသားစုများက ကျေးလက် စာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ဘာသာ ရပ်စုံစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ရန်ကုန်အရှေ့ ပိုင်းတက္ကသိုလ် ပညာရေးမိသားစု များ၏ ဒုတိယအကြိမ် တင်သွင်း ထားသော အမျိုးသမီးရေးရာအဖွဲ့ချုပ် ဝင်ခွင့် လျှောက်ထားလွှာများအတွက် အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ် ပြု ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပညာရေးမိသားစုများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သို့ တတိယအကြိမ်အဖြစ် ဝင်ခွင့် လျှောက်ထားလွှာများပေးအပ်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပညာရေးမိသားစုများက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာန ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းထံသို့ ယနေ့ ကျင်းပသော အခမ်းအနားအထိမ်း အမှတ်အလံကို ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ ဟောပြောပို့ချသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာ မတင်ဝင်းအား အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်(၇၃)နေ ကွယ်လွန်သူ ဒေါ်အုန်းကြည်အားရည်စူး၍ ဦးကျော်ဟန်နှင့် သားသမီး မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း၊ မင်းကွန်းဆရာတော် ကြီး၏ တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယထံ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချ၍ တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မစိုးရိမ်ရွှေကျင်တိုက်သစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ရှစ်မိုင်မစိုးရိမ် ရွှေကျင် တိုက်သစ်၌ ကျေးဇူးရှင်မစိုးရိမ်ဆရာ တော်ကြီး၏ စံလွန်တော်မူသည့် (၁၄)နှစ်မြောက် အထိမ်းအမှတ် ကျေးဇူးဆပ်(ပတ္တိဒါန)ပူဇော်ပွဲနှင့် ပုရိမ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏာ လင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) အမှူးပြုသော စာချစာသင်သံဃာ တော်နှင့် ပင့်သံဃာတော်အပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲကို ဇူလိုင် ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင်ကျင်းပ မည်ဖြစ် သည်။ လှူဒါန်းလိုသူအလှူရှင်များသည် သာသနာ့အကျိုးဆောင်အဖွဲ့ ဖုန်း- ၆၆၂၂၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (က-ပ)

အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာက ရွှေ(၃)၊ငွေ(၃)၊ ကြေး(၂)ရရှိ

ရန်ကုန် ဇူလိုင် ၂၆

စင်ကာပူနိုင်ငံတွင်ကျင်းပသည့် တတိယအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂူရှူးအားကစားအဖွဲ့သည် ရွှေတံဆိပ် သုံးခု၊ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်နှစ်ခု ရရှိသည်။

ရွှေတံဆိပ်ဆုများကို စိုးဝင်းသိန်း၊ ခန့်ဆွေသက်နှင့် ဝေဖြိုးအောင်တို့က လည်းကောင်း၊ ငွေတံဆိပ်ဆုများကို ဟန်နီကိုကိုက (နှစ်ခု)နှင့် အိမ့်မီမီက လည်းကောင်း၊ ကြေးတံဆိပ်ဆုများကို စိုးဝင်းသိန်းနှင့် ကျော်ဇင်သစ်တို့က လည်းကောင်း ရရှိခဲ့ကြသည်။ (ကြေးမုံ)

အမျိုးသား(၁၂-၁၄)နှစ်တောင်းစု ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု ဆွတ်ခူး ရရှိခဲ့သည့် ဝေဖြိုးအောင်။ (ကြေးမုံ)

အမျိုးသမီး တိုက်ချိုချွမ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ထိုက်ချိကျန် ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုဆွတ်ခူး ရရှိခဲ့သည့် ဟန်နီကိုကို။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၅ခုနှစ် (၁၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ် ပြိုင်ပွဲ၏ ဗိုလ်လုပွဲများအနက် ဗိုလ်လုပွဲ အချို့ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲ ရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပထမရရှိပြီး ဧရာဝတီတိုင်းက ဒုတိယရရှိကာ မွန်နှင့် မကွေးတို့က ပူးတွဲတတိယရရှိသွားကြ သည်။

အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပထမရရှိပြီး ရှမ်းပြည် နယ်(မြောက်ပိုင်း)က ဒုတိယရကာ ပဲခူးနှင့်ကချင်တို့က ပူးတွဲတတိယရရှိ သွားကြသည်။

အမျိုးသား အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် သက်ကိုလတ်(မွန်ပြည် နယ်)က ပထမရရှိပြီး ရဲအောင်နိုင် (ကယားပြည်နယ်)က ဒုတိယရရှိကာ ရဲထိုက်(ပဲခူးတိုင်း)နှင့် သီဟနိုင် (ကယားပြည်နယ်)တို့က ပူးတွဲ တတိယရရှိသွားကြသည်။

အမျိုးသမီး(၁၈)နှစ်အောက်ပြိုင်ပွဲတွင် အေးမြတ်သူ(မွန်ပြည်နယ်)က ပထမ ရရှိပြီး မြတ်သက်မွန် (ဧရာဝတီတိုင်း) က ဒုတိယရရှိကာ အေးအေးစန်း (မွန်ပြည်နယ်)နှင့် ခင်ကောင်းစံ (မန္တလေးတိုင်း)တို့က ပူးတွဲတတိယရရှိ သွားသည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် တင်တင်သန်းနှင့် လှလှဝင်း(ရန်ကုန် တိုင်း)က ပထမရရှိပြီး အေးအေးမြင့်နှင့် ဆွေဆွေဟန် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့က ဒုတိယရရှိသည်။ (ကြေးမုံ)

ရီးယဲမက်ဒရစ်အသင်း ဂျပန်တွင်ချစ်ကြည်ရေးပွဲကစား ဂျေ-လိဂ်ရှိ အညံ့ဆုံးအသင်းကို ဂိုးပြတ်ရှုံးနိမ့်

တိုကျို ဇူလိုင် ၂၆

အာရှနိုင်ငံများ၌ ခရီးလှည့်လည်ကာ ချစ်ကြည်ရေးပွဲများကစားလျက်ရှိသော စပိန် ဘောလုံးကလပ်အသင်းဖြစ်သည့် ရီးယဲမက်ဒရစ်အသင်းသည် ဂျပန်နိုင်ငံမြို့တော်တိုကျိုတွင် တနင်္လာနေ့က ဂျပန်ကလပ်အသင်းတစ်သင်းဖြစ်သော တိုကျိုဗာဒီအသင်းနှင့်ယှဉ်ပြိုင်ကစားရာတွင် အိမ်ရှင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

ပွဲစပြီး ခြောက်မိနစ်အကြာမှာပင် တိုကျိုဗာဒီအသင်းက အဖွင့်ဂိုး ရရှိသည်။ ဒိုင်ဂိုကိုဘာယာရှီက အိမ်ရှင်အသင်းအတွက် ပထမဂိုး ရအောင် ဖန်တီးပေးခဲ့ပြီးနောက် ယင်းအသင်းမှ ဘရာဇီးလူမျိုး တိုက်စစ်မှူးဝါရှင်တန်က ပွဲချိန် ၂၇မိနစ်တွင် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ သည်။

စပိန်ကလပ်အသင်းမှ အင်္ဂလိပ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ပွဲချိန် ၃၅မိနစ်တွင် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူရန် အခွင့်အလမ်း တစ်ရပ်ရရှိခဲ့သော်လည်း ၎င်း၏ ကန်ချက်လွဲချော်ခဲ့သည်။

ဒုတိယပိုင်းစတင်ပြီးနောက် မကြာ မီမှာပင် တိုကျိုဗာဒီအသင်းမှ တာကူ ယာယာမာဒါက ရီးယဲမက်ဒရစ် အသင်း မည်သို့မျှ ခေါင်းမဖော်နိုင် အောင် တတိယမြောက်ဂိုးကို သွင်းယူ ခဲ့သည်။

ကမ္ဘာကျော်ဘောလုံးသမားများဖြစ် သည့် ရောဘတ်တိုကားလို့စ်၊ မိုက်ကယ်အိုဝင်နှင့် ဒေးဗစ်ဘက်ခမ်း တို့ပါဝင်သည့် ရီးယဲမက်ဒရစ်အသင်း သည် ဂျပန်ဆုကြေးစားကလပ် အသင်းများအနက် အောက်ဆုံးတွင် ရပ်တည်နေသော တိုကျိုဗာဒီအသင်း ကို ရှုံးနိမ့်ခဲ့ရခြင်းမှာ ဘောလုံးပရိသတ် အတွက် အံ့အားသင့်ဖွယ်ရာဖြစ်သည်။ တိုကျိုဗာဒီအသင်းသည် ဂျပန်ဂျေ- လိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲကစားခဲ့ရာ တွင် ပေးဂိုး ၂၆ဂိုးအထိရှိခဲ့သည့်အသင်း ဖြစ်ပြီး ယင်းအသင်း၏နည်းပြဖြစ်သူ အာဂျင်တီးနားလူမျိုး အိုဆဗယ်လ်ဒို အာဒီလက်စ်မှာ မကြာမီက နည်းပြ ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

ယခုပွဲတွင် မိမိတို့အသင်းရှုံးနိမ့် ခဲ့ခြင်းမှာ အသင်းသားဘောလုံးသမား များ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေ ခြင်းကြောင့်ဖြစ်ကြောင်း ရီးယဲမက် ဒရစ်အသင်းနည်းပြ ဝန်ဒါလီလူဇင် ဘာဂိုကပြောကြားသည်။

ပွဲကစားချိန်ပထမပိုင်းပြီးဆုံးခါနီး တွင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းနှင့် တိုကျိုဗာဒီ အသင်းမှ ကွင်းလယ်ကစားသမား တိုဒါတို့ အချင်းများစရာ ပြဿနာ တစ်ရပ်တွေ့ကြုံခဲ့သည်။ မိမိအား တိုဒါက တံတွေးဖြင့်ထွေးခဲ့သည်ဟု ဒေးဗစ်ဘက်ခမ်းက စွပ်စွဲခဲ့သည်။ သို့ရာတွင် တိုဒါကမိမိကို ဘက်ခမ်း က ခြေဖြင့်ကန်သဖြင့် ၎င်းကို တံတွေးထွေးရန် လုပ်ဆောင်ခဲ့ ကြောင်း၊ ဒေးဗစ်ဘက်ခမ်းမှာ တံတွေး ပေကျံခြင်းမရှိကြောင်း ပြောကြား သည်။

ရီးယဲမက်ဒရစ်အသင်းသည် ဂျပန် ဂျေ-လိဂ်မှ ဂျူဘီလိုအိုင်ဝါတာ အသင်းနှင့် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင် ကစားပြီးသည့်အခါ ထိုင်းအသင်းနှင့် ချစ်ကြည်ရေးပွဲကစားရန် ဗန်ကောက် မြို့သို့ သွားရောက်မည်ဖြစ်သည်။
ဆင်ဟွာ။



ဇူလိုင်၂၅ရက်က ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားသည့် ရီးယဲမက်ဒရစ်အသင်းမှ ဒေးဗစ် ဘက်ခမ်း(ဝဲ)နှင့် တိုကျိုဗာဒီအသင်းမှ တိုဒါ(ယာ)တို့ ဘောလုံးယှဉ်လုစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး စိုက်ပျိုးရေ အပြည့်အဝရရှိရေး၊ လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက် ၈နာရီ မိနစ် ၂၀ တွင် ရောက်ရှိရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ညောင်ဦးမြို့နယ် တောင်ဘရွာရှိ တုရင်တောင် စွယ်တော်မြတ်စေတီတော်သို့ သွားရောက်၍ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ဆက်ကပ်ပူဇော်ဖူးမြော်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးမြို့ တုရင်တောင်ခြေအနီးရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ လက်ယာလက်တံမြောင်းမှ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၇-၂၀၀၅

သထုံ	-	၄ ဒသမ ၁၃ လက်မ
မော်လမြိုင်	-	၃ ဒသမ ၅၈ လက်မ
မုဒုံ	-	၃ ဒသမ ၀၅ လက်မ
ဘားအံ	-	၂ ဒသမ ၉၉ လက်မ
မောင်တော	-	၂ ဒသမ ၅၆ လက်မ

လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမဉ္စကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

အထူးအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်း၊ အဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဌာနေကိုယ်စားလှယ်၊ မန္တလေးမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမဉ္စကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)